




# MYANMAR PEOPLE : Expectations and 2010 Elections















# မြန်မာပြည်သူလူထု၊ ၂၀၁၀ ရွေးကောက်ပွဲနှင့် မျှော်လင့်ချက်များ

# Myanmar people:
# Expectations and 2010 Elections

# မြန်မာပြည်သူလူထု၊
# ၂၀၁၀ ရွေးကောက်ပွဲနှင့်မျှော်လင့်ချက်များ

# MYANMAR PEOPLE:
# Expectations and 2010 Elections

# မြန်မာပြည်သူလူထု၊
# ၂၀၁၀ ရွေးကောက်ပွဲနှင့်မျှော်လင့်ချက်များ

...

ဤစာအုပ်သည် MYANMAR PEOPLE: Expectations and 2010 Elections အမည်ရှိ ရွေးကောက်ပွဲ အစီရင်ခံစာ စာအုပ်ကို မြန်မာဘာသာသို့ ဆီလျော်အောင် ဘာသာပြန်ဆို ထားခြင်းဖြစ်ပါသည်။

“Among the basic freedoms to which men aspire that their lives might be full and uncramped, freedom from fear stands out as both a means and an end.”

Aung San Suu Kyi

မိမိ၏ဆန္ဒမဲတစ်ပြားဖြင့် အကြောက်တရားကို ကျော်လွန်ပြီး
အပြောင်းအလဲကို မျှော်လင့်ခဲ့ကြသော ပြည်သူများသို့...

# မာတိကာ


အပိုင်း(၁) စာမျက်နှာ

၁.၁ နိဒါန်း ၃

၁.၂ ရွေးကောက်ပွဲနှင့်ပတ်သက်သည့်အရေးကြီးသည့်နေ့စွဲများ ၅

၁.၃ မဲဆန္ဒရှင်ပြည်သူများ ၆

၁.၄ မဲစာရင်းများပြုစုခြင်း ၁၆

၁.၅ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ၁၈

၁.၆ လွှတ်တော်ကိုယ်စားလှယ်လောင်းများအမည်စာရင်းတင်သွင်းခြင်း ၂၆

၁.၇ ရွေးကောက်ပွဲကော်မရှင် ၂၈

၁.၈ မဲဆွယ်စည်းရုံးရေးကာလ ၃၄

၁.၉ ရွေးကောက်ပွဲနေ့ဆန္ဒမဲပေးခြင်း ၃၆

၁.၁၀ ရွေးကောက်ပွဲများနှင့် မီဒီယာများ၏ အခန်းကဏ္ဍ ၅၃

၁.၁၁ နိဂုံး ၇၅

၁.၁၂ စိန်ခေါ်မှုများ ၇၇

အပိုင်း(၂)

- ၂၀၁၀ ရွေးကောက်ပွဲမှတ်တမ်းဓာတ်ပုံများ ၈၃

အပိုင်း(၃)

၃.၁ တရားမဲ့ ကြိုတင်မဲ ရယူခြင်းနှင့် တရားမဲ့ ဖိအားပေး၊ ခြိမ်းခြောက်၊ မဲဆွယ်ခြင်းဆိုင်ရာ ရွေးကောက်ပွဲမသမာမှုများ ၁၀၃

၃.၂ ရွေးကောက်ပွဲနေ့တွင်ဖြစ်ပွားခဲ့သည့် ရွေးကောက်ပွဲမသမာမှုများ ၁၁၀

| | | စာမျက်နှာ |
|---|---|---|
| ၃.၃ | မဲရေတွက်ခြင်းနှင့်ရလဒ်အတည်ပြုခြင်းဆိုင်ရာ ရွေးကောက်ပွဲမသမာမှုများ | ၁၁၈ |
| ၃.၄ | ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးမေးခွန်းပုံစံနမူနာများ | ၁၂၉ |
| ၃.၅ | ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးမေးခွန်းများပြုစုရာတွင် ကိုးကားခဲ့သောစာအုပ်များစာရင်း | ၁၃၇ |

အပိုင်း(၄)

| | | |
|---|---|---|
| • | ရွေးကောက်ပွဲတွင်နေရာစုံမှပါဝင်ပါတ်သက်ခဲ့သောလူငယ်များ၏ အတွေ့အကြုံများကိုအခြေခံ၍ရေးသားထားသော သတင်းဆောင်းပါးများ။ | ၁၃၉ |
| • | ကိုးကားစာရင်း | ၁၈၇ |

အပိုင်း(၅)

| | | |
|---|---|---|
| ၅.၁ | သတင်းအချက်အလက်များစုဆောင်းခြင်းနှင့် သုတေသနပြုရာတွင် အသုံးပြုခဲ့သောနည်းလမ်းများ | ၁၉၁ |
| ၅.၂ | ANNEXES | ၁၉၃ |
| • | ကျေးဇူးတင်လွှာ | ၂၃၁ |

# အပိုင်း(၁)

ရွေးကောက်ပွဲအကြိုစစ်တမ်းရလဒ်များ၊ မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံကိုယ်စားလှယ်များ၊ မဲရုံတာဝန်ရှိသူများ၊ ရွေးကောက်ပွဲ အောင်နိုင်ရေးအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများ၏ အင်တာဗျူးများနှင့် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးတွင် ပါဝင်ခဲ့ကြသူများ၏ ဖြေကြားချက်များ၊ သတင်းဆောင်းပါးများပါ အချက်အလက်များအား စုစည်းတင်ပြမှု။

## ၁.၁
# နိဒါန်း

မြန်မာနိုင်ငံတွင် ၂၀၁၀ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့က ကျင်းပခဲ့သော ရွေးကောက်ပွဲကြီးအပြီးတွင် စစ်အာဏာဖြင့် အုပ်ချုပ်သော အာဏာရှင်အုပ်ချုပ်ရေးစနစ် အစား ရွေးကောက်ပွဲနည်းလမ်းဖြင့် အုပ်ချုပ်ရသည့် အရပ်သားအစိုးရအုပ်ချုပ်ရေး စနစ်သို့ ကူးပြောင်းသွားခဲ့ပြီဟု ဆိုရန် ရှိသော်လည်း ပီပြင်သော အရပ်သားအုပ်ချုပ်ရေး စနစ်သို့ကူးပြောင်းရန်အလို့ငှာ ဖြေရှင်းရမည့် ပြဿနာပေါင်းများစွာကိုလည်း ထပ်မံ မွေးဖွား၍ တပါတည်း ထားရစ်ခဲ့သည်ကို တွေ့ရသည်။

ပြည်သူလူထု၏ ထောက်ခံမဲ ၉၂.၄ ရာခိုင်နှုန်း ရရှိခဲ့ပါသည်ဆိုသော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် စတင်ဖြစ်ပေါ်ခဲ့သည့် အမုန်းနှင့် မကျေနပ်မှုများသည် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီကို ရည်ရွယ်၍ စည်းတား ခဲ့သော ရွေးကောက်ပွဲဥပဒေ ထွက်ပေါ်လာချိန်တွင် တဖြည်းဖြည်း အရှိန်တက်လာပြီး စနစ်တကျ ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတရားမဲ့ပြုကျင့်မှုများ ပေါ်လွင်ထင်ရှားလာခဲ့ ချိန်တွင် အမြင့်ဆုံးသို့ ရောက်ရှိသွားကာ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံးကို မျှော် လင့်ချက်မဲ့သည့် အခြေအနေသို့ ပို့ဆောင်ခဲ့သည်ကို တွေ့ရသည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်အတွင်း အစိုးရက ဖော်ဆောင်ခဲ့သည့် အခွင့်အရေး အခြေခံ နိုင်ငံရေးဘောဂဗေဒသည် ၎င်းတို့အပေါ်တွင် တဖြည်းဖြည်း မှီခိုလာရသည့် လူတန်းစားတရပ်ကို မွေးထုတ်ခဲ့ပါသည်။ ထိုလူတန်းစား သည် ပြီးခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲတွင် အစိုးရနှင့် ၎င်း၏ပါတီဖြစ်သည့် ပြည်ခိုင်ဖြိုး ပါတီဘက်က ရပ်တည်ခဲ့ကြပါသည်။ ထိုလူတန်းစားများနှင့် ဆန့်ကျင်ဘက်တွင်ရှိနေ သော အပြောင်းအလဲကို လိုလားသည့် ပြည်သူလူထုကြီးသည် ရွေးကောက်ပွဲဥပဒေ ထွက်ပေါ်လာချိန်တွင် ၂၀၀၈ အခြေခံဥပဒေနှင့် ရွေးကောက်ပွဲကို နိုင်ငံရေးထွက်ပေါက် အဖြစ် လက်ခံသူများနှင့် ထိုသို့လက်မခံသူများဟူ၍ နှစ်ခြမ်းကွဲသွားခဲ့ပြန်ရာ ရွေး ကောက်ပွဲရလဒ်များသည် ပြည်သူလူထုအတွင်း ဖြစ်ပေါ်သွားသော အုပ်စုကြီး (၃) စု၏ တုန့်ပြန်မှုအဖြစ် ထင်ဟပ် ပြသနေခဲ့လေသည်။

တင်းမာမှု အမျိုးမျိုးနှင့် အုပ်စုကြီးသုံးစုအကြား၊ အထူးသဖြင့် ဦးတည်ချက်ခြင်း တူပါလျက် ရန်သူသဖွယ် ဖြစ်သွားသော အုပ်စုကြီး နှစ်စုအကြား ဖြစ်ပေါ်ခဲ့သည့်

မကျေနပ်မှု မျိုးစုံသည် စနစ်တကျ ကျူးလွန်ခဲ့သော ဥပဒေချိုးဖောက်မှုများနှင့် ရွေးကောက်ပွဲ တရားမဲ့ပြုကျင့်မှုများ ရှင်းရှင်းလင်းလင်း ပေါ်ထွက်လာခဲ့ချိန်တွင် အသုံးအကျယ်ဆုံးဖြစ်ခဲ့ပြီး အဆုံးတွင် ရွေးကောက်ပွဲကို လက်ခံသည့် အင်အားစုများ၏ ခေတ်ပြောင်းစနစ်ပြောင်း အပေါ်တွင် တွေဝေမှုနှင့် အမုန်းကိုပါ ထပ်မံ ဖြစ်ပေါ်စေခဲ့ ပြန်ပါသည်။

မြန်မာနိုင်ငံသည် ရှေ့ခရီးကို ချောမွေ့စွာ လျှောက်လှမ်းနိုင်ရန်အတွက် ဆိုလျှင် အထက်တွင် ဖော်ပြခဲ့သည့် အစိုးရက စနစ်တကျကျူးလွန်ထားသော ရွေးကောက်ပွဲတရားမဲ့ပြုကျင့်မှု အမျိုးမျိုး၊ အချင်းချင်း အငြင်းအခုံ အမျိုးမျိုးထဲမှ မည်သူမည်သို့ အပြစ်ရှိသည်ကို စီရင်ဆုံးဖြတ်ခြင်းထက် နောက်တကြိမ် ရွေးကောက်ပွဲတွင် အလားတူနိုင်ငံနှင့်လူမျိုး သိက္ခာကျ အရှက်ရစေသည့် ဖြစ်ရပ်မျိုး ထပ်မံ မဖြစ်ပေါ်စေရေးအတွက် သင်ခန်းစာ ဖော်ထုတ်နိုင်ရေးသည် အသက်တမျှ အရေးကြီးပါသည်။ ယခုစာတမ်းကို အချိန်တိုအတွင်း အကန့်အသတ်များစွာအကြားမှ ရနိုင်သည့် အထောက်အထားများကို စုစည်းပြီး အတတ်နိုင်ဆုံး ဓမ္မဓိဋ္ဌာန်ကျကျ သုတေသနပြု သုံးသပ်ထားပါသည်။

အနာဂတ် မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ပတ်သက်မည့် အင်အားစု အသီးသီးအတွက် သမိုင်းသင်ခန်းစာအဖြစ်လည်းကောင်း၊ အသုံးဝင်သော လုပ်ငန်းသုံး အချက်အလက်များအဖြစ်လည်းကောင်း အသုံးတည့်စေရန် ရည်ရွယ်၍ ပြုစုထားခြင်း ဖြစ်ပါသည်။ ။

၁.၂

# ၂၀၁၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပခြင်းနှင့်ပတ်သက်သည့်အရေးကြီးသည့်နေ့စွဲများ

- **8 MARCH** — ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ ပြည်သူ့၊အမျိုးသား၊တိုင်းဒေသကြီးလွှတ်တော် ရွေးကောက်ပွဲဥပဒေ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှထုတ်ပြန်
- **11 MARCH** — ကော်မရှင်ဥက္ကဋ္ဌဦးသိန်းစိုးအပါအဝင်အဖွဲ့ဝင်၁၇ဦးပါဝင်သော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အမည်စာရင်းထုတ်ပြန်
- **17 MARCH** — ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ၊ပြည်သူ့၊ အမျိုးသား၊ တိုင်းဒေသကြီးလွှတ်တော်ရွေး ကောက်ပွဲနည်းဥပဒေများ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှထုတ်ပြန်
- **21 JUNE** — ကော်မရှင်ကပါတီများပါတီဝင်အင်အားစုဆောင်းခြင်းနှင့်ပတ်သက်၍လိုက်နာရမည့် စည်းကမ်းချက် များပါရှိသော ညွှန်ကြားချက်အမှတ် ၂/၂၀၁၀ ကိုထုတ်ပြန်ခဲ့သည်
- **13 AUG** — နိုဝင်ဘာ ၇ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပမည်ဟု သတ်မှတ်။
- **16 AUG** — လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင် တင်သွင်းနိုင်သည့်နေ့။
- **30 AUG** — လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းနိုင်သည့် နောက်ဆုံးနေ့
- **3 SEPT** — လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက်။
- **6-10 SEPT** — လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာစိစစ်မည့်နေ့ရက်။
- **14 SEPT** — အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင်မှတ်ပုံတင်ထားခြင်းမပြုသော နိုင်ငံရေးပါတီ၀၊ခုနှင့်မှတ်ပုံတင်ထား သော်လည်း မဲဆန္ဒနယ်သုံးခုလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုသည့် ပါတီ၀၊ခု ကိုဖျက်သိမ်းကြောင်း ပြည်ထောင်စု ကော်မရှင်က ကြေငြာ။ နိုင်ငံပိုင်မီဒီယာများမှ မဲဆွယ်စည်းရုံးခွင့်ပြုမည်ဟုကြေငြာ။
- **16 SEPT** — ရွေးကောက်ပွဲဝင်မည့်ကိုယ်စားလှယ်လောင်းများစာရင်းထုတ်ပြန်ကြေငြာ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်မည်မဟုတ်သဖြင့် ရှမ်း၊ကချင်၊ကယား၊ကရင်နှင့်မွန်ပြည်နယ်ဒေသအချို့တွင် ရွေးကောက်ပွဲများ ကျင်းပမည်မဟုတ်ဟု ထုတ်ပြန်
- **18 SEPT** — နိုင်ငံရေးပါတီများအသုံးစာရင်းအတိအကျ ပြုလုပ်ရန် ပုံစံများထုတ်ပြန်ညွှန်ကြား
- **20 SEPT** — ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများစာရင်းထုတ်ပြန်၊အမည်စာရင်းတွင်မပါဝင်ပါက ၇ ရက်အတွင်း အကြောင်း ကြားရန် ကြေငြာထား
- **24 SEPT - 30 OCT** — နိုင်ငံရေးပါတီများ ရေဒီယိုနှင့်ရုပ်မြင်သံကြားမှ ဟောပြောသည့်နေ့
- **7 NOV** — ရွေးကောက်ပွဲကျင်းပသည့်နေ့
- **11-17 NOV** — လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကြေငြာခြင်းနှင့် ဆန္ဒမဲရရှိမှုအခြေအနေ
- **8 DEC** — ရွေးကောက်ပွဲရလဒ်ကြေညာခြင်း

## ၁.၃
## မဲဆန္ဒရှင်ပြည်သူများ

၂၀၁၀ ရွေးကောက်ပွဲများအပြီးတွင် မဲဆန္ဒရှင်ပြည်သူလူထုကြီးတစ်ရပ်လုံးကို လေ့လာကြည့်လျှင် အောက်ပါကဲ့သို့ သုံးမျိုးသုံးစားတွေ့ရှိနိုင်သည်။
၁။ ပြည်ခိုင်ဖြိုးပါတီအား ဆန့်ကျင်၍ မဲပေးခဲ့သော မဲဆန္ဒရှင်များ
၂။ မဲထွက်မပေးဘဲ နေခဲ့ကြသော မဲဆန္ဒရှင်များ
၃။ ပြည်ခိုင်ဖြိုးပါတီအား မဲပေးခဲ့သော မဲဆန္ဒရှင်များ

### ပြည်ခိုင်ဖြိုးပါတီအား ဆန့်ကျင်၍ မဲပေးခဲ့သော မဲဆန္ဒရှင်များ

ပြည်ခိုင်ဖြိုးပါတီအား ဆန့်ကျင်၍ မဲပေးခဲ့သော မဲဆန္ဒရှင်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အပါအဝင် ဒီမိုကရေစီအင်အားစုပါတီများအား မဲပေးခဲ့ကြသည်ကို တွေ့ရသည်။ ဦးစွာ ၎င်းအမျိုးအစားဝင် မဲဆန္ဒရှင်များကို လေ့လာ သုံးသပ်ကြည့်လျှင် "အမျိုးသားဒီမိုကရေစီအင်အားစုပါတီခေါ် ခမောက်ပါတီကို မဲပေးခဲ့ကြသော မဲဆန္ဒရှင်များ"နှင့် "ခမောက်ပါတီမဟုတ်သော အခြားဒီမိုကရေစီပါတီများကို မဲပေးခဲ့ကြသူများ" ဟုခွဲခြားသုံးသပ် နိုင်သည်ကို တွေ့ရသည်။ အမျိုးသားဒီမိုကရေစီအင်အားစုပါတီခေါ် ခမောက်ပါတီကို သီးခြားခွဲ၍ ပြောရခြင်းမှာ ၎င်းတို့သည် အခြားသောဒီမိုကရေစီပါတီများနှင့် မတူဘဲ NLD ပါတီ၏ ထိုးနှက်ချက်များကို စတင်တည်ထောင်ချိန်မှစကာ တောက်လျှောက်ခံခဲ့ရသောပါတီ ဖြစ်နေခဲ့သောကြောင့် ဖြစ်သည်။ NLD ပါတီမှ အောက်ခြေအဆင့်အထိ ကွင်းဆင်းကာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီအား ထောက်ခံခြင်းမပြုရန် လှုံ့ဆော် တိုက်တွန်းခဲ့သည့်တိုင် ထိုပါတီကို အဘယ့်ကြောင့် မဲပေးခဲ့ကြသနည်းဆိုသည်မှာ အံ့သြမေးခွန်းထုတ်စရာ ဖြစ်နေခြင်းကြောင့်ပင်ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအင်အားစုပါတီကို မဲပေးသည့် မဲဆန္ဒရှင်များကို မေးမြန်းကြည့်ရာ ပါတီကိုကြိုက်နှစ်သက်၍ မဲပေးမှုနှင့် ကိုယ်စားလှယ်လောင်းကို ကြိုက်နှစ်သက်၍ မဲပေးမှုမှစ၍ လက်ရှိအစိုးရနှင့် ပြည်ခိုင်ဖြိုးပါတီကို မကြိုက်နှစ်သက်ကြောင်း ပြသလိုခြင်း၊ ဒီမိုကရေစီအရေးကို ပုံဖော်ပေးနိုင်မည်ဟု ယုံကြည်ခြင်းကြောင့်ဆိုသည်အထိ မျှော်လင့်ချက်မျိုးစုံဖြင့် မဲပေးခဲ့ကြသည်ကို တွေ့ရှိရသည်။ အများစု၏ ထုတ်ဖော်ပြောဆိုမှုမှာ " မြန်မာ့လူ့အဖွဲ့အစည်းအတွက် အဓိကလိုအပ်ချက်ဖြစ်သည့်

အပြောင်းအလဲတစ်ခုကို မျှော်လင့်ပြီး မဲပေးခဲ့ကြသည်" ဟု ဆိုကြခြင်းဖြစ်သည်။

ပြည်ခိုင်ဖြိုးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ မှအပ အခြားပါတီများသည် နိုင်ငံရေးပါတီအဖြစ် ရပ်တည်ခွင့်ရသည့် သက်တမ်းမှာ ၃၈ ရက်သားမှ ၈၈ ရက်သားအထိသာ ရှိသည်ဖြစ်ရာ ၎င်းသက်တမ်းန ပါတီများကို သေသေချာချာ သိရှိပြီး မဲထွက်ပေးခြင်းဟူသောအချက်မှာ ဖြစ်နိုင်ချေနည်းခဲ့ပါသည်။ ထို့အပြင် မဲဆွယ်စည်းရုံးရေးကာလတိုတောင်းခြင်းကြောင့် ကိုယ်စားလှယ်လောင်းများနှင့်ပြည်သူလူထုအကြား ထိတွေ့နိုင်ရန် အင်တိုက်အားတိုက် လုပ်ဆောင်နိုင်ခြင်းများ မရှိခဲ့၍ ၎င်းပါတီများ၏ ကိုယ်စားလှယ်လောင်းများ အသီးသီးကို ပုဂ္ဂိုလ်ရေးအရ သိရှိပြီး၊ ယုံကြည်မှုရှိစွာ မဲပေးခြင်းဆိုသည်မှာလည်း ဖြစ်နိုင်ချေနည်းသည့် ကိစ္စဖြစ်ခဲ့ပါသည်။ ဤကဲ့သို့သော အခြေအနေမျိုးမှာပင် ဒီမိုကရေစီအင်အားစုများကို မဲပေးခဲ့သော မဲဆန္ဒရှင်များ၏ အရေအတွက်မှာ ၈.၄၅ သန်းအနည်းဆုံးရှိပြီး ဒီမိုကရေစီအင်အားစုပါတီများကို မျှော်လင့်ချက်မျိုးစုံဖြင့် အကျပ်အတည်းများအကြားမှ မဲပေးခဲ့သည့် အုပ်စုအဖြစ် အခိုင်အမာရှိခဲ့သည်ကို တွေ့ရှိရသည်။ ဤအရေအတွက်သည် မဲပေးသူစုစုပေါင်း၏ သုံးပုံတစ်ပုံခန့်ရှိပါသည်။ ကျန်သုံးပုံနှစ်ပုံကျော်မှာ အလွဲသုံးစားပြုခံရသော မဲထွက် မပေးသူများ၏ ဆန္ဒမဲများနှင့် ပြည်ခိုင်ဖြိုးပါတီကို ပေးခဲ့သောမဲများ၏ စုစုပေါင်းဖြစ်ပါလိမ့်မည်။

ယခု ၂၀၁၀ ရွေးကောက်ပွဲ၌ မဲပေးရေး၊ မဲမပေးရေး ကိစ္စသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အဓိက အကျဆုံးသော အငြင်းပွားမှု တစ်ခုဖြစ်ခဲ့ပါသည်။ ပြည်ခိုင်ဖြိုးပါတီအား ဆန့်ကျင်၍ မဲပေးခဲ့သူမှာ မဲဆန္ဒရှင်စုစုပေါင်း၏ ၂၉ ရာခိုင်နှုန်းရှိပြီး ထိုသူများ၏ ဆုံးဖြတ်ချက်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြည့်အဝ ထောက်ခံသောကြောင့် မဟုတ်ပါ။ ယခုရွေးကောက်ပွဲအား နိုင်ငံရေးထွက်ပေါက်တစ်ခုအနေဖြင့် ခံယူသောကြောင့် သက်သေထူသည့်သဘော မဲထွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ကြပါသည်။ ထိုမဲဆန္ဒရှင်အုပ်စု၏ ဆုံးဖြတ်ချက်ကို ကြည့်လျှင် ထိုသူများ၏ နိုင်ငံရေးအပြောင်းအလဲလိုချင်မှုသည် တူညီသည့် ဘုံဆန္ဒတစ်ရပ်အနေဖြင့် ရှင်းရှင်းလင်းလင်းရှိခဲ့သည်ကု တွေ့ရှိရသည်။

*"အဓိက အငြင်းပွားနေရတဲ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေဟာ ရာနှုန်းပြည့် လက်ခံနိုင်ဖွယ်ရာမရှိဘူးဆိုတာသိပါတယ်။ ဒါပေမဲ့ပြည်သူများအနေနဲ့ကြံ့ဖွံ့ပါတီမဟုတ်*

(i) ရွေးကောက်ပွဲဝင်နိုင်ငံရေးပါတီတစ်ခုမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ပြောကြားချက်။(၁၂-၁၁-၂၀၁၀)

*တဲ့ အခြားသောပါတီကိုမဲပေးစရာရှိအောင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်"* (i)

*"ကန်ပိန်းကာလများအတွင်းက ပြည်သူတွေနဲ့ ကျွန်တော်တို့ အမှန်တကယ် ထိတွေ့ရတဲ့ အခါမှာတော့ ပြည်သူလူထုဘက်က အမှန်တကယ်ကို ဒီမိုကရေစီအရေး လိုလားကြတာ တွေ့ရတယ်။ နိုင်ငံရေးရေချိန် မြင့်တယ်ဆိုတဲ့ သဘောပေါ့ဗျာ"* (i)

*"မြန်မာ့နိုင်ငံရေးဟာ အပြောင်းအလဲရှိဖို့ အမှန်တကယ်ကိုလိုအပ်ပါတယ်။ နိုင်ငံရေးအပြောင်းအလဲမရှိရင် ကျွန်တော်တို့ တိုင်းပြည်ဟာ နစ်သထက်နစ်သွားဖို့ပဲ ရှိပါတော့တယ်။ ကျွန်တော်တို့ ပြည်သူတွေလည်း လုံးပါးပါးနေပြီ"* (ii)

လက်ရှိအာဏာရပါတီဘက်ကို မဲပေးခြင်း၊ ရွေးကောက်ပွဲသပိတ်မှောက်ခြင်း စသည့် လွယ်ကူသည့် နည်းလမ်းတို့ကို မလိုက်ဘဲ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း နစ်ပေါင်းများစွာ အရိုးစွဲနေခဲ့သော အကြောက်တရားနှင့် ဩဇာကြီးသည့် NLD ပါတီ၏ ဆော်ဩမှုတို့ကို လွန်ဆန်၍ မိမိတို့၏ကြီးမားသော လိုအင်ဆန္ဒဖြစ်သည့် နိုင်ငံရေး အပြောင်းအလဲရလိုကြောင်းကို ရွေးကောက်ပွဲတွင် ဆန္ဒမဲများထွက်ပေးခြင်းဖြင့် ထုတ် ဖော်ပြသခဲ့သော ပြည်သူလူထုအင်အားစုတစ်ရပ်အခိုင်အမာရှိနေသည်ကိုတွေ့ရှိရသည်။

## "ကျွန်တော်တို့ပြည်သူတွေမရှုံးပါ"

<u>ပဲခူးတိုင်းဒေသကြီး မြို့နယ်တစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ဒီမိုကရေစီအင်အားစုပါတီတစ်ခုမှ လူငယ်ကိုယ်စားလှယ်လောင်းတစ်ဦးနှင့် ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်နေ့တွင် တွေ့ဆုံမေးမြန်းခြင်း</u>

မေး။ ။ တရားမျှတမှု မရှိနိုင်ဘူးလို့ အများကပြောခဲ့ကြတဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရှုံးနိမ့်ခဲ့ရတယ်လို့ သိရပါတယ်။ ဘာကြောင့် ရှုံးနိမ့်ခဲ့ရတယ်ဆိုတာကို ရှင်းပြပေးပါ။

ဖြေ။ ။ ၂၀၁၀ ရွေးကောက်ပွဲကတော့ ဖြောင်ကျကျနဲ့ မဲလိမ်မှု၊ မဲမသမာမှုတွေကြောင့် ရှုံးနိမ့် ခဲ့ပါတယ်။

မေး။ ။ ဝင်ရောက် မယှဉ်ပြိုင်ခင် ကာလအတွင်းကရော ဒီလိုဖြစ်နိုင်တယ် ဆိုတာကို ကြိုတင် ခန့်မှန်းနိုင်မှု မရှိခဲ့ဘူးလား။

---

(i)ကမာရွတ်မြို့နယ်တွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အမတ်လောင်းတစ်ဦး၏ပြောကြားချက်(၁၂-၁၁-၂၀၁၀)

(ii)ရွေးကောက်ပွဲတွင် မဲပေးခဲ့သည့် ပြည်သူတစ်ဦး၏ ပြောကြားချက် (၁၁-၁၁-၂၀၁၀)

ဖြေ။ ။ ကျွန်တော်တို့က ဒီရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်စဉ် ကာလကတည်းက ရှုံးနိုင်တယ်ဆိုတာကို သိပါတယ်။ ဒါပေမယ့် နှစ်ပေါင်းနှစ်ဆယ် လောက် ဘာမှလှုပ်ရှားပြောင်းလဲမှု မရှိခဲ့တဲ့ မြန်မာ့နိုင်ငံရေးကို အပြောင်းအလဲများ ရှိနိုင်မလား ဆိုတဲ့ နိုင်ငံရေး စမ်းသပ်မှုတစ်ခု အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်တဲ့အတွက် ဒီဟာကို မအံ့ဩမိပါဘူး။ ဒီလောက် ပြောင်ကျတဲ့ မဲလိမ်မှု၊ မဲမသမာမှုတွေ မရှိလောက်ဘူးလို့ လျော့တွက်ခဲ့မိတာကတော့ ကျွန်တော်မှားတယ် ဆိုရမှာပေါ့။

မေး။ ။ ဒီလို မဲလိမ်မှု၊ မဲမသမာမှုတွေ လုပ်နိုင်တဲ့၊ လုပ်ခဲ့တဲ့အကြောင်း အရင်းတွေကို ဘယ်လိုမြင်ပါသလဲ။ ဘယ်လိုသုံးသပ်မိပါသလဲ။ ကျယ်ကျယ်ပြန့် ပြန့်သုံးသပ်ပေးစေလိုပါတယ်။

ဖြေ။ ။ကျွန်တော်တို့ မြန်မာ့နိုင်ငံရေးမှာ အလွယ်ဆုံးကတော့ အပြစ်တင်တဲ့ အလုပ်ပါ။ ဒါပေမယ့်လို့ အများစွပ်စွဲလေ့ရှိတဲ့ အချက်တွေ၊ တိုင်းတာလေ့ရှိတဲ့ ပေတံတွေနဲ့ တိုင်းလို့ရတဲ့ နှုန်းစံတွေကတော့ ဘယ်လိုမှမရှိနိုင်ပါဘူး။ ဥပမာ- လူ့အခွင့်အရေးကိစ္စ၊ နိုင်ငံသားအခွင့်အရေးကိစ္စတွေဖြစ်ပါတယ်။ အခြေခံအခွင့် အရေးတွေလို့ ပြောရမှာပေါ့။ Civil rights, Political rights, Economic rights, Social rights and Cultural rights လို့ ပြောရမယ့် အခြေခံလူ့အခွင့်အရေးတွေက ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ ပျောက်ဆုံးသလောက် ဖြစ်နေတာ ကြာပြီဖြစ်တဲ့ အတွက် အဲဒီပေတံတွေ နဲ့တိုင်းရင် ဒီပွဲဟာ မစခင် ကတည်းက ရှုံးပြီးသားဆိုတာကို ကျွန်တော်သိပါတယ်။

ဒါပေမယ့် ကျွန်တော်ရှေ့ကပြောခဲ့သလိုပါပဲ။ မြန်မာ့နိုင်ငံရေး အရွေ့အတွက် စမ်းသပ်မှုတစ်ခုအနေနဲ့ သိသိကြီးနဲ့ ဝင်ခဲ့တာပါ။ ဒါနဲ့တဆက်တည်းမှာ နောက် တစ်ချက်က ကျွန်တော်တို့နိုင်ငံ မြန်မာ့လူ့အဖွဲ့အစည်းမှာ ချို့တဲ့နေတဲ့ rule of law မရှိတဲ့ အနေအထားကနေ အကောင်းဘက်ကို ဦးတည်နိုင်မယ့် အရွေ့ ရှိမလားဆိုတဲ့ စမ်းသပ်မှုတခုပါပဲ။ အရှုံးထဲက အမြတ်လို့ ပြောရမယ့် ကိစ္စတွေ လည်းရှိပါတယ် အဲဒါကတော့ တသက်လုံးပုန်းလျှိုးကွယ်လျှိုးနဲ့လှုပ်ရှားခဲ့ရတဲ့ ကျွန်တော်ဟာ နိုင်ငံရေးကို ပြောင်ပြောင်တင်းတင်း သူတို့ပေးထားတဲ့ အတိုင်းအတာထဲကနေ လှုပ်ရှားခဲ့ခြင်းအားဖြင့် ဒီရွေးကောက်ပွဲမှာရှုံးသော်လည်း မြန်မာ့နိုင်ငံရေးကို

အမှန်တကယ်အပြောင်းအလဲကိုလိုချင်တဲ့ မဲဆန္ဒရှင်တွေနဲ့ထိတွေ့ခွင့်ရပြီး သူတို့က ကျွန်တော့်အနေနဲ့ နိုင်ငံရေးလှုပ်ရှားမှု ရှိနေတယ်ဆိုတာကို သိသွားတာက အမြတ်ပါပဲ။ နောက်တစ်ခုက ကျွန်တော်တို့ပါတီ တရားဝင် နိုင်ငံရေးပါတီအနေနဲ့ ရပ်တည်နိုင်တော့မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အကန့်အသတ်တွေ ကြားထဲကပဲ ကျွန်တော့်ရဲ့နိုင်ငံရေးလှုပ်ရှားမှုတွေကို ရှင်သန်အောင် လုပ်နိုင်မယ်လို့ ထင်ပါတယ်။ ဒုတိယအနေနဲ့ အပြောင်းအလဲလိုချင်တဲ့ ဒီမိုကရေစီအရေးကို လိုလားတဲ့ မဲဆန္ဒရှင် အင်အား ဘယ်လောက်ရှိတယ်ဆိုတာ ကျွန်တော်ရှင်းရှင်းလင်းလင်း သိခွင့်ရလိုက် တာဖြစ်ပါတယ်။

တတိယနဲ့ အရေးအကြီးဆုံးအချက်ကတော့ ကျွန်တော်တို့ကို မဲလိမ်လိုက်တဲ့ လက်ရှိအာဏာရ စစ်အုပ်စုနဲ့ သူတို့ရဲ့ပါတီ USDP တို့က ဘယ်လိုပဲ ပြောင်ကျကျ မဲလိမ်ပြီး အနိုင်ယူပေမယ့် ကာယကံရှင်တွေအနေနဲ့ တစ်ဦးချင်း သူတို့ လိပ်ပြာ သန့်နိုင်မယ်လို့ ကျွန်တော်မထင်ဘူး။ အဓိက အကျဆုံးကတော့ သူတို့နောက်မှာ ပြည်သူတွေမရှိဘူးဆိုတဲ့ မက်ဆေ့ချ်ကို ရှင်းရှင်းလင်းလင်းရသွားတယ်လို့ ကျွန် တော်ထင်ပါတယ်။ ဒါက သူတို့နိုင်အောင်လုပ်နိုင်ခဲ့ပေမယ့် နိုင်တဲ့အထဲက ရှုံးသွား တဲ့အရှုံးလို့ သုံးသပ်မိပါတယ်။

## မဲထွက်မပေးခဲ့သော မဲဆန္ဒရှင်များ

မည်သည့်ရွေးကောက်ပွဲတွင်မဆို ရွေးကောက်ပွဲကို လျစ်လျူရှုပြီး မဲထွက် မပေးသော မဲဆန္ဒရှင်များသည် အစိတ်အပိုင်းတစ်ခုအနေဖြင့်ရှိနေသည်မှာ သဘာဝ ကျသော ကိစ္စတစ်ခုဖြစ်ပါသည်။ ဤ ၂၀၁၀ ရွေးကောက်ပွဲတွင်လည်း လုံးဝ မဲထွက် မပေးဘဲနေခဲ့သော မဲဆန္ဒရှင် အုပ်စုတစ်စုကိုလည်း တွေ့ရှိခဲ့ရပါသည်။ သို့သော် တရားဝင်ထုတ်ပြန်သော ကိန်းဂဏန်းများအရ ဤအုပ်စုတွင် လူဦးရေ မည်မျှ ရှိသည် ကို ပြောကြားရန် ခက်ခဲပါသည်။ ထိုသို့ပြောရခြင်းမှာ မဲထွက်မပေးသူများထဲမှ အစိတ် အပိုင်းအချို့ကို ရွေးကောက်ပွဲနေ့တွင် မဲရုံအသီးသီးမှ ရရှိသော အချက်အလက် အပေါ် မူတည်၍ ကိုယ်ပျောက်မဲများ ဖန်တီးကာ အလွဲသုံးစားပြုခဲ့ကြသည်ဟူသော စွပ်စွဲချက်များရှိသည့် အတွက်ကြောင့် ဖြစ်ပါသည်။ တရားဝင်ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများအရ မဲထွက်မပေးသူမှာ ၇.၁၃သန်းသာ ရှိသည်ဆိုသော်လည်း တရားဝင် ထုတ်ပြန်သော ကိန်းဂဏန်းများအပေါ် သံသယဖြစ်ဖွယ်ရာ ရှိသည်ဟူသော

စွပ်စွဲချက်များ မှန်ကန်ပါက မဲထွက်မပေးသူ ယခုထက်ပို၍ များနိုင်ပါသည်။

NLD ဦးဆောင်သော မဲထွက်မပေးရေးနှင့် ရွေးကောက်ပွဲသပိတ်မှောက်ရေး ကိစ္စရပ်များသည် ပြည်သူများ မဲထွက်မပေးခြင်းအပေါ် သက်ရောက်မှုတစ်ခုအနေဖြင့် ရှိသော်လည်း အဓိကကျသော လွှမ်းမိုးမှုဖြစ်သည်ဟု ပြောရန် ခက်ပါသည်။

အခြားဖြစ်နိုင်ခြေရှိသော ကိစ္စတစ်ခုမှာ ပြည်ခိုင်ဖြိုးပါတီ၏ တဖက်လှည့် ဝါဒဖြန့်မှုဖြစ်ပါသည်။ ပြည်ခိုင်ဖြိုးပါတီကသာ လက်ရှိအာဏာရအစိုးရဖွဲ့ထားသော ပါတီ ဖြစ်သည့်အတွက် "*ကြံ့ခိုင်ရေးပါတီကအာဏာရအစိုးရကဖွဲ့ထားတာပဲ၊မဲထွက်ပေးလည်း သူတို့နိုင်မှာပဲ၊ မပေးလဲသူတို့နိုင်မှာပဲ၊ ဘာမှမထူးဘူး၊ မဲထွက်ပေးမနေကြနဲ့*" ဟူသော သတင်းစကားများကြောင့် မဲထွက်မပေးခဲ့ကြခြင်းများ ရှိသည်ကိုလည်း တွေ့ရှိခဲ့ရ ပါသည်။ များစွာသေချာသည်မှာ အထက်တွင် ဖော်ပြခဲ့သော NLD မှ ပြုလုပ်သည့် ၂၀၁၀ ရွေးကောက်ပွဲသပိတ်မှောက်ရေးနှင့် ပြည်ခိုင်ဖြိုးပါတီနှင့် အောက်ခြေ အဆင့်တွင်ရှိသော အာဏာပိုင်အဖွဲ့အစည်းအသီးသီး၏ ဤရွေးကောက်ပွဲတွင် ၎င်းတို့သာ အနိုင်ရမည်ဟူသော တီးတိုးဝါဒဖြန့်မှု ကိစ္စရပ်နှစ်ခုတို့ပေါင်းစပ်ပြီး မဲဆန္ဒရှင် အစိတ်အပိုင်း တစ်ခုကို ဆန္ဒမဲပေးရန် စိတ်ဝင်စားမှု နည်းပါးစေခဲ့ပါသည်ကို တွေ့ရှိရသည်။

"*NLD ကဦးဆောင်လုပ်တဲ့ ရွေးကောက်ပွဲ သပိတ်မှောက်ရေးနဲ့ ပြည်ခိုင်ဖြိုး ကလုပ်တဲ့ မဲထွက်ပေးလည်း ထူးမှာမဟုတ်ဘူးဆိုတဲ့ လုပ်ဆောင်မှု နှစ်ခုက ဒီနေရာမှာ သွားထပ်နေတော့ ကျွန်တော်တို့ ကြားညပ်ပြီး ထွက်မပေးတဲ့ မဲတွေများသွားတာပေါ့။ ပူးပြီးသတ်သလိုပဲ*" (i)

ယခုရွေးကောက်ပွဲတွင် လုံးဝမဲထွက်မပေးဘဲနေခဲ့သော မဲဆန္ဒရှင်များအုပ်စု ကိုလည်း တွေ့ရှိရသည်။ မဲထွက်မပေးသူများ အုပ်စုတွင် သာမန်ဖြစ်ရိုးဖြစ်စဉ်အတိုင်း ရွေးကောက်ပွဲများတွင် မဲထွက်မပေးသော အစိတ်အပိုင်း၊ NLD ၏ သပိတ်မှောက်ရေး စည်းရုံးမှုကြောင့် မဲထွက်မပေးသောအစိတ်အပိုင်းနှင့်၊ မဲထွက်ပေးလျှင်လည်း ထူးခြားမှု ရှိမည်ဟု မယုံကြည်သည့်အတွက် မဲထွက်မပေးသော အစိတ်အပိုင်း အဖြစ် အစိတ် အပိုင်းသုံးခု ရှိခဲ့သည်ကို တွေ့မြင်ခဲ့ရပါသည်။

---

(i)ပြည်ခိုင်ဖြိုးပါတီနှင့် ယှဉ်ပြိုင်ဘက်ပါတီများထဲမှ ကိုယ်စားလှယ်လောင်းတစ်ဦး၏ ပြောကြားချက် (၁၂-၁၁-၂၀၁၀)

သို့သော် တရားဝင် ဖော်ပြထားသော ကိန်းဂဏန်းများ၏ ခိုင်လုံမှုမှာ ဒီမိုကရေစီအင်အားစုပါတီများဘက်သို့ ပေးခဲ့သော စုစုပေါင်း မဲအရေအတွက်စာရင်းလောက် ခိုင်မာမှုမရှိသည်ကို တွေ့ရှိရသည်။ ဆိုလိုသည်မှာ မဲထွက်မပေးသူများ၏ မဲများကို ပြည်ခိုင်ဖြိုးမဲအဖြစ် အလွဲသုံးစားပြုခဲ့သည်ဟု ယူဆဖွယ်ရာ အထောက်အထားများကြောင့် မဲထွက်မပေးသူအရေအတွက်မှာ တရားဝင်ထုတ်ပြန်ချက်ထက် များနိုင်သည်ဆိုသည့် သဘောဖြစ်သည်။


### ၂၀၁၀ရွေးကောက်ပွဲသပိတ်မှောက်ရေး သဘောထားများထင်ဟပ်သည့် NLD ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်၏ ပြောကြားချက်များမှကောက်နှုတ်ချက်

*"အဲဒီတော့ ကျနော်တို့ ဘာနဲ့ တိုင်းတာမလဲ ဆိုရင် ရွေးကောက်ပွဲဟာ သူတို့တွေ ဘယ်လောက်ပဲ လိမ်တာ ညာတာတွေ ရှိနေနေ ဒီနောက်ဆုံး ရလဒ်မှာ သူတို့ပြောချင်တဲ့ ၉၀ ရာခိုင်နှုန်းနဲ့ နိုင်ပါတယ်တို့၊ ဒီရွေးကောက်ပွဲကြီးမှာ မဲလာပေးမယ့် လူဦးရေဟာ ၉၀ ရာခိုင်နှုန်း ရှိပါတယ် ဆိုတာမျိုးတွေ မဖြစ်အောင် လုပ်မယ်ဗျာ။ နောက်တခုကတော့ ပါတီတိုင်း ရမယ့် မဲကလည်း ခုနကပြောသလိုပဲ ၈၀ ရာခိုင်နှုန်း၊ ၉၀ ရာခိုင်နှုန်း ရတယ်ဆိုတာမျိုး မဖြစ်ဘဲနဲ့ ၁၀ ရာခိုင်နှုန်းတို့၊ ၁၅ ရာခိုင်နှုန်းတို့ ဖြစ်သွားတဲ့ အနေထားမျိုး ဖြစ်အောင် လုပ်မှာပဲ။ အဲဒါ ကျနော်တို့ရဲ့ အဓိက ရည်ရွယ်ချက်ပဲ။ ကမ္ဘာကို ကျနော်တို့ပြချင်တာက ရွေးကောက်ပွဲကို လူထုက လက်မခံဘူး၊ လူထုက ဆန့်ကျင်တယ်။ လူထုက ကန့်ကွက်တယ်၊ လူထုက မဲမပေးဘူး၊ ဒါကို ကျနော်တို့က ပြချင်တာပဲ။ အဲဒီတော့ ဒီရွေးကောက်ပွဲက ဂုဏ်သိက္ခာ ဒါမှမဟုတ် တန်ရာတန်ကြေးရှိတဲ့ ရွေးကောက်ပွဲ မဟုတ်ဘူးဆိုတာကို ကျနော်တို့ပြဖို့ လုပ်တာပဲ။"*

*"ဒီအချိန်မှာတော့မကြောက်ကြနဲ့။ ဆက်ပြီးတော့ကိုယ့်ရဲ့ ရွေးကောက်ပွဲသပိတ်ကြီး စည်းရုံးတဲ့ ကိစ္စလုပ်ကြလို့ ကျနော်ကတော့ ပြောတယ်။ ဒီဟာလုပ်လို့ လူတယောက် ထောင်ကျကျ၊ ၁၀ ယောက်ထောင်ကျကျ၊ လူ ၁၀၀ ကျကျ၊ ၁ ထောင်ကျကျ၊ ၁ သောင်းကျကျ၊ ၁ သိန်းကျကျ၊ ၁ သန်းကျကျ ပေ့ါဗျာ ဒါလုပ်ရမှာပဲ။ ကျနော်ကတော့ အဲဒီလိုပြောတယ်။ အဲဒီတော့ ကျနော် အခု ခင်ဗျားမေးတဲ့ မေးခွန်း ဖြေချင်တာကတော့ ကျနော်တို့ကတော့ မကြောက်ဘူး၊ လုပ်မှာပဲ။ ဖမ်းမယ်ဆို ဖမ်းပါစေ။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့ကလည်း ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပေါ်မှာ ရပ်တည် ပြီးတော့ လုပ်တာလို့ ကျနော်တို့ကိုယ် ကျနော်တို့ ယုံကြည်ချက်လည်း ရှိတယ်။ အဲဒါပဲဗျ။"*

---

NLD ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူး ဦးဝင်းတင်ကို ရောဝတီ သတင်းထောက် မင်းနိုင်သူက တွေ့ဆုံမေးမြန်းထားသည့် နိုဝင်ဘာ ၅ ရက်နေ့ပါ အင်တာဗျူးမှ ကောက်နှုတ် ဖော်ပြထားပါသည်။




## ပြည်ခိုင်ဖြိုးပါတီအား မဲပေးခဲ့သော မဲဆန္ဒရှင်များ

တတိယအုပ်စုမှာ ပြည်ခိုင်ဖြိုးပါတီကို အကြောင်းအမျိုးမျိုးကြောင့် ထောက်ခံမဲပေးခဲ့ကြသော မဲဆန္ဒရှင် အုပ်စုဖြစ်ပြီး မဲထွက်ပေးခဲ့သော ကိန်းဂဏန်း အတိအကျရရန် အခဲယဉ်းဆုံးသော အုပ်စုပင် ဖြစ်ပါသည်။ မဲဆန္ဒရှင်များ၏ မည်သည့်ရာခိုင်နှုန်းက ပြည်ခိုင်ဖြိုးပါတီကို အမှန်တကယ် မဲထွက် ပေးခဲ့ကြောင်း အထောက်အထားများဖြင့် ဖော်ပြရန်မှာ အလွန်ပင်ခဲယဉ်းမည်ဖြစ်သည်။ ထိုပြည်ခိုင်ဖြိုး မဲများတွင်လည်း အစိတ်အပိုင်းသုံးခု ရှိနေပါသည်။ ပထမအစိတ်အပိုင်းမှာ ပြည်ခိုင်ဖြိုး အမာခံများ ဖြစ်သည်။ မဲဆန္ဒရှင်များထဲတွင် ပြည်ခိုင်ဖြိုးပါတီကို အမှန်တကယ် နှစ်သက်ပြီး မဲပေးခဲ့သူများလည်း ရှိခဲ့ကြောင်းကို ရွေးကောက်ပွဲ အကြိုစစ်တမ်းများနှင့် မဲပေးအပြီး စစ်တမ်းများနှင့် ရလဒ်များက သက်သေခံလျက် ရှိသည်။ ရွေးကောက်ပွဲအကြိုစစ်တမ်းအရ ဖြေဆိုသူများ၏ ၁၂% မှာ ပြည်ခိုင်ဖြိုးကိုသာ ရွေးချယ်မည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို ၁၂% သည် ပြည်ခိုင်ဖြိုး၏ အမာခံမဲများ ဖြစ်နိုင်ချေရှိသည် ဟုသုံးသပ်နိုင်ပါသည်။

ပြည်ခိုင်ဖြိုးပါတီကို အပြည့်အဝ ထောက်ခံခြင်းမဟုတ်ဘဲ အကြောင်းအမျိုးမျိုးကြောင့် မဲပေးခဲ့သည့် ဒုတိယ အစိတ်အပိုင်းလည်း ရှိခဲ့ပါသည်။ အစိတ်အပိုင်းတစ်ခုမှာ အကြောက်တရားကို အခြေခံပြီး မိမိတို့ လူမှုစီးပွားဘဝကို တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ ထိခိုက်မှု ရှိနိုင်သည်ဟူသော စိုးရိမ်စိတ်ဖြင့် ပြည်ခိုင်ဖြိုးပါတီကို မဲပေးခဲ့ကြခြင်းဖြစ်ပါသည်။ ထိုအစိတ်အပိုင်းတွင် ပါဝင်သောသူများမှာ လက်ရှိအာဏာရ

အစိုးရနှင့် နီးစပ်သူများဖြစ်ပြီး စီးပွားရေးလူမှုရေး ဆက်ဆံမှု ပုံစံမျိုးစုံဖြင့် အပေးအယူ ကိစ္စများကို ထောက်ထားရမည် ဖြစ်သောကြောင့် ယင်းတို့၏ အကျိုးစီးပွားများကို မထိခိုက်ရန် ပြည်ခိုင်ဖြိုးပါတီကို ထောက်ခံဆန္ဒမဲ ပေးခဲ့ကြသူများ ဖြစ်ပါသည်။ ထို့အတူ လက်ရှိအစိုးရ ဝန်ထမ်းများ၊ ဒေသဆိုင်ရာ အာဏာပိုင် အဆင့်ဆင့်မှစ၍ ယင်းတို့နှင့် ဆက်စပ်သော မိသားစုများ ဆွေမျိုး အသိုင်းအဝိုင်းများ ဖြစ်ပြီး စိုးရိမ်စိတ်ဖြင့် ပြည်ခိုင်ဖြိုးပါတီကိုသာ ထောက်ခံမဲ ပေးခဲ့ကြခြင်းဖြစ်သည်။

တတိယအစိတ်အပိုင်းမှာ ကိုယ်စားလှယ်လောင်းကို ပေးသော အစိတ်အပိုင်း ဖြစ်သည်။ ပြည်ခိုင်ဖြိုး ပါတီအနေဖြင့် ဝင်ရောက်အရွေးခံစေသူအများစုမှာ ယခင် ပြည်ခိုင်ဖြိုးအသင်းတွင် တာဝန်ထမ်းဆောင်ခဲ့သူများ မဟုတ်သော စီးပွားရေးလုပ်ငန်း ရှင်များ၊ ရပ်ရွာမှကြည်ညိုလေးစားရသောရပ်မိရပ်ဖများ၊ ဂုဏ်သိက္ခာရှိသော အငြိမ်းစား ဝန်ထမ်းများ (တက္ကသိုလ်မှဆရာပောင်းများ၊ ပါမောက္ခချုပ်များ၊ ဆရာဝန်ကြီးများ၊ အရပ်ဖက်အငြိမ်းစားဝန်ထမ်းများ) နှင့် လက်ရှိတာဝန် ထမ်းဆောင်နေဆဲ အငြိမ်းစား ယူခါနီး ညွှန်ချုပ်၊ ညွှန်ကြားရေးမှူးစသည့် အရပ်ဖက်ဝန်ထမ်းများ ဖြစ်နေသည့်အတွက် ထိုသူများကို ပုဂ္ဂိုလ်ရေးအရ ကြိုက်နှစ်သက်စိတ်ဖြင့် ပြည်ခိုင်ဖြိုးပါတီဘက်ကို မဲပေးခဲ့ ကြသည်ကိုလည်း တွေ့ရှိရပါသည်။

ပြည်ခိုင်ဖြိုးကိုယ်စားလှယ် လူပုဂ္ဂိုလ်သက်သက်ကို ပေးသည့်မဲများရှိနေ ကြောင်း အထူးထင်ရှားစေခဲ့သည်မှာ မိမိတို့ သဘောထားများကို ထူးခြားစွာ ဖော်ပြ ထားခဲ့သော ပယ်မဲများ ဖြစ်ပါသည်။ ထိုပယ်မဲများမှာ လူနာမည်အား အမှန်ခြစ်ပြီး ပြည်ခိုင်ဖြိုးတံဆိပ်ကို အမှားခြစ်ထားသည့် ပယ်မဲများ ဖြစ်သည်။ ယင်းပယ်မဲများက ဖော်ပြနေသည်မှာ အချို့နေရာများတွင် လူကောင်းသည့်အတွက် ပြည်ခိုင်ဖြိုး ပါတီက မဲရခဲ့သည်ဆိုသည့် အချက်ဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအား မဲပေးခဲ့ကြသူများ၏ သဘော ထားမှာ အထူးပင် စိတ်ဝင်စားရန် ကောင်းပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီနှင့် ပြည်ခိုင်ဖြိုးပါတီ နှစ်ပါတီသာ ယှဉ်ပြိုင်သည့်နေရာများတွင် ပြည်ခိုင်ဖြိုးပါတီကို မဲမပေးချင်၍ ရွေးချယ်စရာမရှိသဖြင့် မဲပေးလိုက်ရသည် ဆိုသော အချက်မှာ ငြင်းစရာ မလိုသည့် အချက်ဖြစ်သည်။ မဲမသမာမှုများသာ မရှိခဲ့ပါက တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီအနေနှင့် ယခုထက်ပို၍ အနိုင်ရနိုင်သည့် အခြေအနေရှိသည်ဟု တွေ့ရှိခဲ့ရပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတစ်ခုလုံးအနေနှင့် ကြည့်

မည်ဆိုပါက တနိုင်ငံလုံးအနေဖြင့် အင်တိုက်အားတိုက် ပါဝင်ခဲ့သည် ဆိုသည့်တိုင် ပါတီတံဆိပ်ကြောင့် မဲရရှိမှု အားနည်းခဲ့သည်ဟု သုံးသပ်နိုင်ပါသည်။

၂၀၁၀ ရွေးကောက်ပွဲ၏ မဲဆန္ဒရှင်များအခန်းကဏ္ဍကို ခြုံ၍သုံးသပ်ရမည်ဆိုပါက မြန်မာ့လူ့အဖွဲ့အစည်းသည် အခြမ်း(၃)ခြမ်းအဖြစ် ကွဲပြားသွားခဲ့ပြီဆိုသော အချက်ဖြစ်သည်။ အနာဂတ်တွင် ဖြစ်ပေါ်မည့် မြန်မာ့နိုင်ငံရေးဖြစ်စဉ် အားလုံးသည် အဆိုပါ အခြမ်းသုံးခြမ်း၏ အင်အားချိန်ခွင်လျှာ ထိန်းခြင်းရလဒ်သာ ဖြစ်ပေလိမ့်သည်။ ။

## ၁.၄
# မဲစာရင်းများ ပြုစုခြင်း

မြန်မာနိုင်ငံတွင် နောက်ဆုံးသန်းခေါင်စာရင်း ကောက်ယူခဲ့သော ခုနှစ်မှာ ၁၉၈၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ဖြစ်ပြီး ယခုအချိန်အထိ ထပ်မံ၍ သန်းခေါင်စာရင်း ကောက်ယူနိုင်ခြင်းမရှိပါ။ သို့သော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ရရှိသော လူဦးရေစာရင်းအား မဲစာရင်းအနေဖြင့် အနီးစပ်ဆုံး ပြုစုထားသည်ကို တွေ့ရသည်။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ရလဒ် ကြေငြာချက်ဖြစ်သော မေလ ၂၆ ရက် နေ့စွဲပါ ကြေငြာချက်အမှတ် (၁၂/၂၀၀၈) အရ ပြည်ထောင်စုတစ်ဝန်းလုံးတွင် လူဦးရေ စုစုပေါင်းမှာ ၅၇,၃၇၀,၇၁၃ ဦးနှင့် မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်းမှာ ၂၇,၂၈၈,၈၂၇ဦး ဖြစ်သည်ဟု တွေ့ရှိရပြီး၊ ယခု ၂၀၁၀ ရွေးကောက်ပွဲရလဒ်များ ကြေငြာချက်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်းမှာ ၂၉,၀၂၁,၆၀၈ ဦးရှိသည်ကို တွေ့ ရသည်။

၁၉၈၃ ခုနှစ်က နောက်ဆုံးသန်းခေါင်စာရင်း ကောက်ယူခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲကာလအထိ ထပ်မံ သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်း မရှိသည့်အတွက် ယခုထုတ်ပြန်ထားသော မဲဆန္ဒရှင်စာရင်းများ၏ ခိုင်လုံမှုမှာ အခြေခံဖြစ်သော လူဦးရေစာရင်းမှစ၍ အားနည်းချက် ရှိနေပါသည်။ ထို့ကြောင့် မဲဆန္ဒနယ် တစ်နယ်စီတွင် မဲစာရင်းပြုစုရာ၌ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ရွေးကောက်ပွဲ ကော်မရှင် အဆင်ဆင့်တို့၏ ရိုးသားမှု၊ စေတနာမှန်ကန်မှု အပေါ်တွင်သာ စာရင်းမှန်ကန်မှု မှီတည်လျက်ရှိသည်မှာ ငြင်းဆို၍မရနိုင်ပါ။ ထို့ကြောင့် အခြေခံအဆင့် ပြည်ခိုင်ဖြိုးပါတီဝင်များနှင့် ကော်မရှင်အဆင့်ဆင့်တို့ ပူးပေါင်း၍ ဒေသအလိုက် မဲစာရင်းများ လိုတိုးပိုလျှော့လုပ်သည်ဟူသည့် စွပ်စွဲချက်များကို မဲစာရင်းပြုစုခြင်းနှင့် ပတ်သက်၍ ငြင်းပယ်မရနိုင်သော အားနည်းချက်အဖြစ် တွေ့ရှိရသည်။

မဲစာရင်းများပြုစုရာတွင် တသမတ်တည်း မဖြစ်ခဲ့သော အခြားကိစ္စရပ်တစ်ခုမှာ မဲဆန္ဒရှင်စာရင်း ကောက်ယူရာ၌ အချို့နေရာများတွင် မြေပေါ်စာရင်းကောက်ယူပြီး၊ အချို့နေရာများတွင် အိမ်ထောင်စုစာရင်းအရ မဲစာရင်း ပြုစုခဲ့ကြသည်ကို တွေ့ရသည်။ မြေပေါ်စာရင်းအဖြစ် ကောက်ယူပြုစုရခြင်းမှာ နဂိုရှိပြီးသား အိမ်ထောင်စုစာရင်းများ တိကျမှန်ကန်မှုမရှိခြင်းနှင့် အိမ်ထောင်စုစာရင်းများအား အသစ်ထည့်သွင်းရန်၊

ရွှေ့ပြောင်းရန် ကိစ္စရပ်များအတွက် ကြိုးနီစနစ် အခက်အခဲများကို ကျော်လွှားလိုခြင်းကြောင့် သက်ဆိုင်ရာ ရယကများမှ ရပ်ကွက်တွင်း အမှန်တကယ် နေထိုင်သူများကို မဲစာရင်း၌ ထည့်သွင်းရာတွင် မြေပေါ်စာရင်းကို ကောက်ခံ၍ အသုံးပြုစေခဲ့ခြင်းဖြစ်သည်။ ထိုလုပ်ပိုင်ခွင့်ကို အခြေခံ၍ ရယက အပါအဝင် ဒေသအာဏာပိုင်အဆင့်ဆင့်၏ စေတနာမှန်ကန်မှု အပေါ်မူတည်ကာ မဲစာရင်းများ ကောက်ယူမှုကို မှန်မှန်ကန်ကန် လုပ်ကိုင်ခဲ့သည့် နေရာများရှိသကဲ့သို့ ထိုလုပ်ပိုင်ခွင့်ကိုပင် အသုံးချ၍ မဲစာရင်းလိမ်လည်မှုများလည်း ဖြစ်ပေါ်ခဲ့သည်။ မဲစာရင်းများကို လိုသလို လိုတိုးပိုလျှော့ပြုလုပ်ခဲ့မှုကြောင့် မဲစာရင်းမှ မိသားစုလိုက် ပျောက်ဆုံးသွားခြင်း၊ မဲစာရင်းတွင် အုပ်စုလိုက်တိုးလာခြင်း၊ မဲဆန္ဒနယ်များတွင် မဲပေးနိုင်သူ နာမည်များ ထပ်သွားခြင်းနှင့် မဲစာရင်းနံပါတ်များ အစီအစဉ်တကျမရှိခြင်း အစရှိသည့် မဲစာရင်းမမှန်ကန်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။ မြေပေါ်စာရင်း မှန်ကန်မှုရှိခြင်း၊ မရှိခြင်းဟူသော အချက်မှာလည်း မဲစာရင်းပြုစုသူများ၊ ရပ်ကွက်/ကျေးရွာ ကော်မရှင် အဖွဲ့ဝင်များ၏ စေတနာပေါ်တွင်သာ များစွာမှီတည်ခဲ့ကြောင်း သိရှိရသည်။ မဲစာရင်းမှန်ကန်မှု အားနည်းခြင်းကို အကြောင်းပြု၍ ရွေးကောက်ပွဲနေ့တွင်လည်း နောက်တိုးမဲ၊ *ကိုယ်ပျောက်မဲ*(i) ဆိုသော မဲမသမာမှုများကိုလည်း ဖြစ်ပေါ်လာစေခဲ့ပါသည်။

အထက်ပါ အားနည်းချက်များကြောင့် အကျိုးဆက်အနေဖြင့် ရွေးကောက်ပွဲတွင် အငြင်းပွားဖွယ်ရာ ကိစ္စများဖြစ်ပွားခဲ့သည်။ ကြိုတင်မဲပေးပိုင်ခွင့် မရှိသူများက ကြိုတင်မဲပေးထားသည်ဟု သံသယဖြစ်ဖွယ်ရာ၊ အငြင်းပွားဖွယ်ရာ ကိစ္စများဖြစ်ပွားခဲ့သည်။ ရောက်ရှိလာသော ကြိုတင်မဲ အရေအတွက်သည် ယှဉ်ပြိုင်သည့် ပါတီများ အကြားတွင် အဓိက အငြင်းပွားဖွယ်ရာ ကိစ္စများအဖြစ်တွေ့ကြုံခဲ့ရသည်။ မဲစာရင်းပြုစုရာတွင်မှန်ကန်မှုအားနည်းခဲ့သည့်အတွက်မဲလိမ်ရာတွင်ကိုယ်ပျောက်မဲများ ဖန်တီးရန်လွယ်ကူခဲ့သည်။ မဲလာရောက်မပေးသူများ၏ အမည်စာရင်းအား အသုံးချ၍ မဲပြားများကို ကိုယ်ပျောက်မဲများ ဖြစ်စေခြင်း၊ မဲရေတွက်မှုအချိန် ကြန့်ကြာစေရန် ဖန်တီး၍ကိုယ်ပျောက်မဲများကိုအသုံးပြုကာ မဲစာရင်းမှန်ကန်မှုများကို ထိခိုက်စေခဲ့သော မဲလိမ်မှုများ၊ မဲမသမာမှုများ ဖြစ်စေခဲ့သည်ဟု စွပ်စွဲမှုများ၊ အငြင်းပွားမှုများဖြစ်ခဲ့သည်။

---

(i)ကိုယ်ပျောက်မဲ။ ။မဲဆန္ဒရှင်များ ကိုယ်တိုင်လာရောက်ထုတ်ယူခြင်းမရှိသော ဆန္ဒမဲပြားများကို မဲရုံတွင် သော်လည်းကောင်းအခြားနေရာများတွင်သော်လည်းကောင်းထုတ်ယူပြီးမိမိတို့ပေးလိုသောပါတီကိုအမှန်ခြစ်များပြုလုပ်ရွေးချယ်၍ မဲရေတွက်ရာနေရာများသို့ အထပ်လိုက်အထုပ်ထုတ်၍ပေးပို့ထည့်သွင်းရေတွက်စေခဲ့သော မဲများကို ဆိုလိုသည်။

၁.၅
# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း

၂၀၁၀ခုနှစ် မတ်လ ၁၇ရက်နေ့ပါ ပြည်သူပိုင်သတင်းစာများမှ ကြေငြာချက်များအရ ထိုနေ့မှ စတင်၍ ပါတီများ မှတ်ပုံတင်ခွင့်ရရှိခဲ့သည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း လုပ်ငန်းအဆင့်ဆင့်သည် အခက်အခဲမရှိခဲ့ဘဲ ပြည်ထောင်စုကော်မရှင် အပါအဝင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့နှင့် ဆက်ဆံလုပ်ကိုင်ရာတွင်လည်း အဆင်ပြေချောမွေ့မှု ရှိသည်ဟု ပါတီအများစုကပြောကြားခဲ့ပါသည်။

နိုင်ငံရေးပါတီထူထောင်ရန် ပါတီပေါင်း (၄၇)ခုမှ မှတ်ပုံတင်ခဲ့ကြရာတွင်၊ ပါတီ (၄၂)ခုကို တရားဝင်မှတ်ပုံတင်ခွင့်ပြုခဲ့သည်။ မှတ်ပုံတင်ခွင့်မရခဲ့သော (၅)ပါတီအနက် (၄)ပါတီမှာ တိုင်းရင်းသားပါတီများဖြစ်ကြသည်။ ထို (၄၂) ပါတီအနက် ပါတီဝင်အင်အားအပြည့် မပေးနိုင်သော (၅) ပါတီမှာ ဖျက်သိမ်းခဲ့ရသည်။ ကျန်နိုင်ငံရေး ပါတီ (၃၇)ပါတီမှာ တရားဝင်နိုင်ငံရေးပါတီအဖြစ်ထူထောင်ခွင့် ရရှိခဲ့သည်။

ရွေးကောက်ပွဲဝင်ရန် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း ကိစ္စနှင့်ပတ်သက်၍ အချိန်တိုတောင်းမှုကို အခက်အခဲအနေဖြင့် တွေ့ရှိခဲ့ရပါသည်။ အသစ်ဖွဲ့စည်းထားသော နိုင်ငံရေးပါတီများနှင့် ပြည်ခိုင်ဖြိုးပါတီ၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီတို့ကို နှိုင်းယှဉ်ကြည့်ရာ နိုင်ငံရေးပါတီများအနေဖြင့် မှတ်ပုံတင်ခွင့် ကျသည့်နေ့မှစ၍ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရန် ထုတ်ပြန်ခဲ့သည့် ဩဂုတ်လ ၁၆ ရက်နေ့အထိ ပါတီသက်တမ်းများကို ရေတွက်လျှင် အမျိုးသား ဒီမိုကရေစီအင်အားစုပါတီသည် အချိန်အတိုဆုံးအနေဖြင့် (၃၈)ရက်သာ သက်တမ်း ရှိပြီး၊ အများဆုံးမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဖြစ်ပြီး (၁၀၉)ရက် သက်တမ်းရှိခဲ့ပါသည်။

၂၀၁၀ခုနှစ်၊ နိုဝင်ဘာ ၄ရက်နေ့ နိုင်ငံပိုင်သတင်းစာပါ အစိုးရအာဘော်ဟု ယူဆနိုင်သည့် ဆောင်းပါးအရ "*ပါတီထောင်မှတော့ ၂၀၁၀ခုနှစ်တွင် ရွေးကောက်ပွဲ ကျင်းပပေးမည်ဟု နိုင်ငံတော်က ကြေငြာသည့် ၂၀၀၈ ခုနှစ်ကတည်းက မိမိတို့ပါတီမှ ဝင်ရောက်အရွေးခံမည့် ကိုယ်စားလှယ်လောင်းများ လျာထားခွင့်ရှိခဲ့ကြပေပြီ။ ပါတီ တည်ထောင်ချိန်၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်း ရွေးချယ်လျာထားချိန်မရ၊ အချိန်ကပ်လွန်းသည်ဟု ဆိုသူများမှာ ပုရွက်ဆိတ်များကဲ့သို့ မိုးရာသီအတွက်*

*ရိက္ခာကြိုစုမထားဘဲ မိုးရာသီတွင် စားစရာမရှိဟု ညည်းတွားနေသော နံကောင်များနှင့် တူလှသူများသာ ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲ သတ်မှတ်ရက်စောလွန်း၊ နီးကပ်လွန်းသည်၊ ပါတီထောင်ချိန်မရ၊ ကိုယ်စားလှယ်လောင်း ရှာချိန်မရဟု တာဝန်မဲ့၊ အကြောင်းမဲ့ ပြောနေရန် မသင့်ပေ။"* ဟုဆိုထားရာ အချိန်လုံလောက်သည်ဟု ဆိုလိုပုံရသော်လည်း ရွေးကောက်ပွဲ တစ်ခုလုံးကို ခြုံငုံသုံးသပ်မည် ဆိုလျှင် မည်သည့်အဆင့်မှာမျှ အချိန်လုံလောက်မှု မရှိသည်ကို အဓိက အခက်အခဲအနေဖြင့် တွေ့ရှိရသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် အဓိက နိုင်ငံရေးအင်အားစုဟု သတ်မှတ်၍ရသည့် အဓိကပါတီသုံးခုကို နှိုင်းယှဉ်ကြည့်ပါက ပြည်ခိုင်ဖြိုးပါတီက ၁၇ နှစ်နှင့် ၆၉ ရက်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက နှစ်ပေါင်း၂၀နှင့် ၁၀၉ရက် နှင့် ၃၈ ရက်မှ ၈၈ ရက်သားသာရှိသော ဒီမိုကရေစီအင်အားစုပါတီများ ယှဉ်ပြိုင်ရသည့် အနေအထား ဖြစ်သည်ကို တွေ့မြင်ရပါသည်။

## ၂၀၁၀ ရွေးကောက်ပွဲနှင့်ပက်သက်၍ လက်ရှိအစိုးရနှင့် ပြည်ခိုင်ဖြိုးပါတီတို့၏ သဘောထားများကို ထင်ဟပ်စေသော ပြောကြားချက်များ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဌဗိုလ်ချုပ်မှူးကြီး သန်းရွှေ မှ ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ပြောဆိုချက်များ -

၂၇၊ ၃၊ ၂၀၀၉ ခုနှစ်တွင်ကျင်းပသော တပ်မတော်နေ့အခမ်းအနားတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ *"ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလိုက်နာကျင့်သုံးသည့် ရင့်ကျက်သည့်နိုင်ငံရေးကျင့်သုံးသူမှန်သမျှကို အစိုးရက ကာကွယ်စောင့်ရှောက်သွားမည် "* ဟု ပြောဆိုခဲ့သည်။

ထို့ပြင် ၂၇၊ ၃၊ ၂၀၁၀ နေ့တွင်ကျင်းပသည့် တပ်မတော်နေ့မိန့်ခွန်းအခမ်းအနားတွင်လည်း ရွေးကောက်ပွဲနှင့်ပတ်သက်၍

*"ယခုကျင်းပမယ့် ရွေးကောက်ပွဲတွေဟာ ဒီမိုကရေစီပျိုးထောင်မှုရဲ့ အစကနဦးဖြစ်စဉ်သာဖြစ်တယ်။ ဒီမိုကရေစီရင့်ကျက်မှု မရှိသေးမီရွေးကောက်ပွဲဝင်ရမယ့်ပါတီတွေအနေနဲ့ ဆင်ခြင်ရမယ့်အချက်တွေကို ဒီနေရာမှာ ပြောကြားလိုတယ်"*

*"နိုင်ငံတော်မှာ ဆူပူမှုတွေဖြစ်ပွားခြင်းမရှိအောင် ၊ တရားဥပဒေစိုးမိုးရေးနဲ့အေးချမ်းတည်ငြိမ်ရေးကို ထိခိုက်စေမယ့် ရွေးကောက်ပွဲဆိုင်ရာအကြမ်းဖက်မှုတွေ မဖြစ်ပေါ်အောင်နဲ့ ပြည်ထောင်စုပြိုကွဲမယ့်အရေးကို ရောက်မသွားအောင် ကြီးမား တဲ့သတိတရားနဲ့ ဆောင်ရွက်ကြဖို့လိုအပ်တယ်။"*

*"ကိုယ့်ပါတီ အနိုင်ရရင်ပြီးစတမ်းသဘောမျိုးနဲ့ ပုဂ္ဂိုလ်အချင်းချင်း၊ ပါတီအချင်းချင်းပုတ်ခတ်မှုများ၊ လူမျိုးရေးနဲ့ဘာသာရေး သွေးကွဲစေမယ့်အပြုအမူများ စတဲ့၊ မပြုသင့်၊ မပြုထိုက်တဲ့မလျော်မကန်မဲဆွယ်မှုမျိုးတွေကိုလဲ ရှောင်ရှားကြရမှာဖြစ်တယ်။ မိမိတို့ပါတီရဲ့ မူဝါဒလမ်းစဉ်ကိုချပြပြီး ပြည်သူကြိုက်ရာကို လွတ်လွတ်လပ်လပ်ဆန္ဒမဲပေးပါစေလို့ ပြောကြားတိုက်တွန်းလိုက်ပါတယ်"*ဟု ထပ်မံပြောဆိုခဲ့သည်။

၂၃၊ ၈၊ ၂၀၁၀ခုနှစ်ထုတ် မြန်မာ့အလင်းသတင်းစာအရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးသိန်းစိန် ပြည်-ပေါက်ခေါင်းရထား လမ်းဖွင့်ပွဲတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြောကြားချက်

*"နိုဝင်ဘာ ၇ ရက်တွင်ကျင်းပတော့မည့် ရွေးကောက်ပွဲကြီးသည် နိုင်ငံသားအားလုံးအတွက်အလွန်အရေးကြီးသောလုပ်ငန်းစဉ်ကြီးဖြစ်သည့်အတွက် ရွေးကောက်ပွဲကြီးအောင်အောင်မြင်မြင်ကျင်းပနိုင်ရန် အဖျက်အမှောင့်လုပ်ရပ်မှန်သမျှကို ဆန့်ကျင်တိုက်ဖျက်သွားကြပါရန်နှင့် အနာဂတ်နိုင်ငံတော်အတွက် လူကောင်းလူတော်များ၊ တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်သူများ၊ ပြည်ထောင်စုကြီးမပြိုကွဲမပျက်စီးရအောင် ဦးနှောက်ဖြင့်ကာကွယ်စောင့်ရှောက်လိုသူများအား ဦးနှောက်ဖြင့် စဉ်းစားရွေးချယ်နိုင်ကြပါစေရန် တိုက်တွန်းပြောကြားလိုကြောင်း"* ပြောကြားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးမှ ၂၀၊ ၁၀၊ ၂၀၁၀နေ့၌ကျင်းပပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြောကြားခဲ့သည်မှာ

*"ပြည်ထောင်စုကြံ့ခိုင်ရေးပါတီအနေဖြင့် ကျန်(၃၆)ပါတီအားလုပ်ဖော်ကိုင်ဖက်များအဖြစ် ခံယူထားသည်"*ဟု ပြောဆိုခဲ့သည်။

ထို့ပြင် *"အခုရွေးကောက်ပွဲက တပ်မတော်က လိုလိုလားလားနဲ့ လုပ်ပေးတဲ့*

ရွေးကောက်ပွဲပဲ၊ အမျိုးသားအကျိုးစီးပွားကို မထိခိုက်ဘူးဆိုရင် ကျွန်တော်တို့ပေါင်းလုပ်ကြမှာပါ၊ ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ဘူးဆိုရင် ပေါင်းပြီးလုပ်ကြမှာပေါ့၊ လွှတ်တော်ဆိုတာ ဝိုင်းစည်းစားဖို့ထားတာပဲလေ၊ ဝိုင်းစည်းစားပြီးရင်တော့ ဆုံးဖြတ်ချက် တစ်ခုကျလာမှာပေါ့"

"ကြိမ်းသေပေါက်ကတော့ကျွန်တော်တို့မှာရန်သူမရှိဘူး၊ကျန်တဲ့ပါတီ(၃၆) ခုက ကျွန်တော်တို့ရန်သူမဟုတ်ဘူး၊ လုပ်ဖော်ကိုင်ဖက်လို့ပဲသဘောထားပါတယ်၊ ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ဘူး၊ အမျိုးသားအကျိုးစီးပွားကိုလုပ်ဆောင်မယ်ဆိုရင် ကျွန်တော်တို့တစ်ဖွဲ့တည်းလို့သဘောထားမှာပါ"ဟု ပြောကြားခဲ့သည်။(i)

ဆက်လက်ပြီး ဦးဌေးဦးက "၁၉၉၃ခုနှစ်စက်တင်ဘာ ၁၅ရက်နေ့တွင် စတင်ဖွဲ့စည်းစဉ်က နိုင်ငံရေးပါတီသစ်များ ဖွဲ့စည်းခွင့်မရှိသဖြင့်လူမှုရေးအသင်းအဖြစ်ဖွဲ့စည်းခဲ့ရသော်လည်း နိုင်ငံရေးပါတီတစ်ခုကဲ့သို့ပင် မူဝါဒနှင့်လုပ်ငန်းလမ်းစဉ်များချမှတ်ဆောင်ရွက်ထားခဲ့ကြောင်း၊ ယခုကဲ့သို့ကိစ္စရပ်များကို ကြိုတင်မျှော်လင့်ပြင်ဆင်ထားခဲ့ကြောင်း၊ အထူးသဖြင့် လမ်းစဉ်ပါတီမှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအဖြစ်သို့ကူးပြောင်းစဉ်က သင်ခန်းစာများကိုကောင်းစွာသိရှိခဲ့၍စနစ်တကျပြင်ဆင်နိုင်ခဲ့ကြောင်း" လည်း သတင်းထောက်များကို ပြောကြားခဲ့သည်။(ii) ။

(i) ၂၉-၁၀-၂၀၁၀ နေ့ထုတ်လျှပ်တပြက်သတင်းဂျာနယ် Vol(3), N0(9)

(ii) မဇ္ဈိမသတင်းမီဒီယာ

# ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် အဖွဲ့များ

| စဉ် | အဖွဲ့အမည် | မှတ်ပုံတင် အမှတ် | လျှောက် ရက် | ခွင့်ပြု ရက် | မှတ်ပုံတင် ရက် | မှတ်ပုံတင် ခွင့်ပြု ရက် |
|---|---|---|---|---|---|---|
| ၁ | မြို(ခေါ်)ခမီ အမျိုးသား ညီညွတ်ရေးအဖွဲ့<br>The Mro (or) Khami National Solidarity Organization (M.K.N.S.O) | (၁) | - | - | ဧပြီလ ၉ | ဧပြီလ ၂၈ |
| ၂ | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ<br>National Unity Party(NUP) | (၂) | စက်တင်ဘာလ ၂၄ ၁၉၈၈ | – | မတ်လ ၂၅ | ဧပြီလ ၂၉ |
| ၃ | လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>The Lahu National Development Party | (၃) | – | – | ဧပြီလ ၂၃ | ဧပြီလ ၂၉ |
| ၄ | ကိုးကန့် ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ<br>Kokang Democracy and Unity Party | (၄) | – | – | ဧပြီလ ၃၀ | မေလ ၇ |
| ၅ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်<br>The Pa-O National Organization(PNO) | (၅) | ဧပြီလ ၂ | ဧပြီလ ၂၃ | မေလ ၆ | မေလ ၁၃ |
| ၆ | ဒီမိုကရက်တစ်ပါတီ(မြန်မာ)<br>The Democratic Party (Myanmar) | (၆) | မတ်လ ၃၀ | ဧပြီလ ၂၉ | မေလ ၁၁ | မေလ ၂၀ |
| ၇ | ကယန်းအမျိုးသားပါတီ<br>The Kayan National Party | (၇) | ဧပြီလ ၂၆ | မေလ ၄ | မေလ ၁၁ | မေလ ၂၀ |
| ၈ | မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသား အင်အားစုပါတီ<br>The Rakhine State National Force of Myanmar | (၈) | ဧပြီလ ၂၆ | မေလ ၄ | မေလ ၁၁ | မေလ ၂၀ |
| ၉ | ကရင်ပြည်သူ့ပါတီ<br>The Kayin People's Party | (၉) | မတ်လ ၂၉ | ဧပြီလ ၂၉ | မေလ ၁၂ | မေလ ၂၁ |
| ၁၀ | 'ဝ' အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ<br>The "Wa" National Unity Party | (၁၀) | ဧပြီလ ၂၉ | မေလ ၄ | မေလ ၁၂ | မေလ ၂၁ |
| ၁၁ | ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်<br>Union Kayin League | (၁၁) | – | – | ဧပြီလ ၈ | မေလ ၂၁ |
| ၁၂ | တအောင်း(ပလောင်)အမျိုးသားပါတီ<br>The Taaung (Palaung) National Party | (၁၂) | ဧပြီလ ၈ | ဧပြီလ ၂၃ | မေလ ၁၄ | |
| ၁၃ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ<br>All Mon Region Democracy Party | (၁၃) | ဧပြီလ ၃၀ | မေလ ၄ | မေလ ၁၄ | မေလ ၂၄ |

| စဉ် | အဖွဲ့အမည် | မှတ်ပုံတင် အမှတ် | လျှောက် ရက် | ခွင့်ပြု ရက် | မှတ်ပုံတင် ရက် | မှတ်ပုံတင် ခွင့်ပြု ရက် |
|---|---|---|---|---|---|---|
| ၁၄ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ The Democracy and Peace Party | (၁၄) | မေလ ၄ | မေလ ၆ | မေလ ၁၃ | မေလ ၂၄ |
| ၁၅ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ The Shan Nationalities Democratic Party | (၁၅) | ဧပြီလ ၈ | မေလ ၃ | မေလ ၁၈ | မေလ ၂၆ |
| ၁၆ | ညီညွတ်သောဒီမိုကရက်တစ်ပါတီ The United Democratic Party (UDP) | (၁၆) | မေလ ၃ | မေလ ၆ | မေလ ၁၇ | |
| ၁၇ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) The 88 Generation Student Youths(Union Of Myanmar) | (၁၇) | မတ်လ ၂၂ | ဧပြီလ ၂၂ | ဧပြီလ ၂၉ | မေလ ၂၆ |
| ၁၈ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ် The Union Of Myanmar Federation of National Politics | (၁၈) | မတ်လ ၂၂ | ဧပြီလ ၂၂ | ဧပြီလ ၂၉ | မေလ ၂၆ |
| ၁၉ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် The National Political Alliance League | (၁၉) | ဧပြီလ ၁ | ဧပြီလ ၂၉ | မေလ ၁၉ | မေလ ၂၇ |
| ၂၀ | မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ The Myanmar New Society Democratic Party | (၂၀) | ဧပြီလ ၅ | ဧပြီလ ၂၉ | မေလ ၁၉ | မေလ ၂၇ |
| ၂၁ | ချင်းအမျိုးသားပါတီ The Chin National Party | (၂၁) | ဧပြီလ ၇ | မေလ ၃ | မေလ ၁၉ | မေလ ၂၇ |
| ၂၂ | ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ) The Wunthanu NLD (The Union of Myanmar) | (၂၂) | ဧပြီလ ၉ | ဧပြီလ ၂၃ | မေလ ၁၉ | မေလ ၂၇ |
| ၂၃ | ခေတ်သစ်ပြည်သူ့ပါတီ The Modern People's Party | (၂၃) | ဧပြီလ ၆ | ဧပြီလ ၂၉ | မေလ ၂၀ | မေလ ၂၈ |
| ၂၄ | ပြည်ထောင်စုဒီမိုကရေစီပါတီ The Union Democracy Party | (၂၄) | ဧပြီလ ၈ | မေလ ၄ | မေလ ၂၀ | မေလ ၂၈ |
| ၂၅ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ The Difference and Peace Party | (၂၅) | ဧပြီလ ၆ | ဧပြီလ ၂၉ | မေလ ၂၄ | ဇွန်လ ၁ |

| စဉ် | အဖွဲ့အမည် | မှတ်ပုံတင်အမှတ် | လျှောက်ရက် | ခွင့်ပြုရက် | မှတ်ပုံတင်ရက် | မှတ်ပုံတင်ခွင့်ပြုရက် |
|---|---|---|---|---|---|---|
| ၂၆ | ချင်းတိုးတက်ရေးပါတီ<br>The Chin Progressive Party) | (၂၆) | ဧပြီလ ၂၃ | မေလ ၄ | မေလ ၂၄ | ဇွန်လ ၁ |
| ၂၇ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>The Inn National Development Party | (၂၇) | ဧပြီလ ၂၉ | မေလ ၄ | မေလ ၂၄ | ဇွန်လ ၁ |
| ၂၈ | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ<br>The Rakhine National Progressive Party | (၂၈) | မေလ ၄ | မေလ ၆ | မေလ ၂၄ | ဇွန်လ ၁ |
| ၂၉ | 'ဝ' ဒီမိုကရက်တစ်ပါတီ<br>The Wa Democratic Party | (၂၉) | ဧပြီလ ၉ | ဧပြီလ ၂၈ | မေလ ၂၅ | ဇွန်လ ၂ |
| ၃၀ | ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ<br>The Phalon Sawaw Democratic Party | (၃၀) | ဧပြီလ ၂၃ | မေလ ၄ | မေလ ၂၇ | ဇွန်လ ၄ |
| ၃၁ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ<br>The National Democratic Party for Development | (၃၁) | ဧပြီလ ၂၆ | မေလ ၄ | မေလ ၂၇ | ဇွန်လ ၄ |
| ၃၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ<br>The Union Solidarity and Development Party | (၃၂) | ဧပြီလ ၂၉ | မေလ ၄ | ဇွန်လ ၁ | ဇွန်လ ၈ |
| ၃၃ | တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ<br>The Ethnic National Development Party | (၃၃) | မေလ ၆ | မေလ ၁၁ | ဇွန်လ ၈ | ဇွန်လ ၁၆ |
| ၃၄ | မြန်မာဒီမိုကရေစီကွန်ဂရက် | (၃၄) | မေလ ၁၂ | | မေလ ၂၀ | ဇူလိုင်လ ၅ |
| ၃၅ | မြို တိုင်းရင်းသားပါတီ<br>The Mro National Party | (၃၅) | မေလ ၂၀ | မေလ ၂၅ | ဇွန် ၂၃ | ဇူလိုင်လ ၅ |
| ၃၆ | ကမန်အမျိုးသား တိုးတက်ရေးပါတီ<br>Kaman National Progressive Party | (၃၆) | မေလ ၂၅ | | ဇွန် ၁၆ | ဇူလိုင်လ ၅ |
| ၃၇ | ခမီ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>The Khami National Development Party | (၃၇) | မေလ ၁၇ | မေလ ၂၅ | | ဇူလိုင်လ ၉ |

| စဉ် | အဖွဲ့အမည် | မှတ်ပုံတင်အမှတ် | လျှောက်ရက် | ခွင့်ပြုရက် | မှတ်ပုံတင်ရက် | မှတ်ပုံတင်ခွင့်ပြုရက် |
|---|---|---|---|---|---|---|
| ၃၈ | အမျိုးသားဒီမိုကရေစီအင်အားစု<br>NATIONAL DEMOCRATIC FORCE | (၃၈) | | | မေလ ၂၇ | ဇူလိုင် ၉ |
| ၃၉ | ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်) | (၃၉) | မေလ ၂၁ | | | ဇူလိုင် ၁၆ |
| ၄၀ | ရှမ်းပြည်နယ်(မြောက်ပိုင်း)<br>တိုးတက်ရေးပါတီ<br>The Northern Shan State Progressive Party | | ဧပြီလ ၂၃ | | | |
| ၄၁ | ညီညွတ်သောဒီမိုကရေစီပါတီ<br>(ကချင်ပြည်နယ်)<br>The United Democracy Party<br>(Kachin State) | | ဧပြီလ ၃၀ | | | |
| ၄၂ | ကချင်ပြည်နယ်တိုးတက်ရေးပါတီ<br>The Kachin State Progressive Party | | ဧပြီလ ၅ | | | |
| ၄၃ | အမျိုးသားသားဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>ငြိမ်းချမ်းရေးပါတီ<br>NATIONAL DEVELOPMENT AND PEACE PARTY | (၄၂) | ဇူလိုင်လ ၁၆ | | ဩဂုတ် ၁၆ | ဩဂုတ် ၂၄ |
| ၄၄ | UNITY AND DEMOCRACY PARTY OF KACHIN STATE(UDPKS)<br>စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ<br>(စဒက) | (၄၀) | | ဇူလိုင်လ ၁၆ | ဇူလိုင် လ ၂၃ | ဩဂုတ် ၂ |
| ၄၅ | လူမျိုးပေါင်းစုံစည်းလုံးညီညွတ်ရေးနှင့်<br>ဖွံ့ဖြိုးတိုးတက်ရေး ပါတီ<br>(All National Races Unity and Development Party<br>(Kayah State) | | | ဩဂုတ် ၅ | | |
| ၄၆ | ကရင်ပြည်နယ် ဒီမိုကရေစီနှင့်<br>ဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>(Kayin Democracy and Development Party) | (၄၁) | | ဩဂုတ် ၁၃ | | ဩဂုတ် ၁၉ |
| ၄၇ | ပြည်သူ့လူ့ဘောင်သစ်ပါတီ<br>PEOPLE' NEW SOCIETY PARTY | | | ဩဂုတ် ၁၇ | | |

၁.၆
# လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း

ရွေးကောက်ပွဲဝင်နိုင်ငံရေး ပါတီများအနေဖြင့် ပါတီစုံအထွေထွေရွေးကောက်ပွဲ မတိုင်မီတွင် တွေ့ကြုံရသည့် အဓိကအကျဆုံးနှင့် ပထမဆုံးအချက်မှာ ပါတီမှတ်ပုံတင်ခြင်းမှအစ ရွေးကောက်ပွဲဝင်ခြင်းအထိ ပါတီအသီးသီးအတွက် လိုအပ်သော ပြင်ဆင်မှုများပြုလုပ်နိုင်ရန်အတွက် ရရှိချိန်တိုတောင်းခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ပါတီအသီးသီးတို့ ဦးစွာကြုံတွေ့ရသည့် အခက်အခဲမှာ သင့်တော်ပြီး အရည်အသွေးမီသည့် ကိုယ်စားလှယ်လောင်းများ အချိန်မီရရှိရန် ဖြစ်ပါသည်။ ရရှိချိန် တိုတောင်းမှုသည် ပါတီများ၏ ရံပုံငွေ ရှာနိုင်ရေးအတွက် ကြီးမားသည့် ဒုတိယ အဟန့် အတားလည်း ဖြစ်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေနှင့် နှစ်ပေါင်းများစွာ နိုင်ငံရေးနိုးကြားမှု အားနည်းခဲ့မှုသည်လည်း လွှတ်တော် ကိုယ်စားလှယ်လောင်းများ ရရှိရေးအတွက် ခက်ခဲသည့် အချက် တစ်ချက် ဖြစ်စေပါသည်။ ယင်းကဲ့သို့ ပြောရသည်မှာ အကြောင်းရှိပါသည်။ ရွေးကောက်ပွဲ မတိုင်မီက နိုင်ငံရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို နေရာတိုင်းတွင် ပြောဆိုရန်မသင့်သည့် ကိစ္စရပ်တစ်ခုအဖြစ် နှစ်ပေါင်း ၂၀ ကျော်ကြာရှိခဲ့သည့် အနေအထားမှ နိုင်ငံသားတစ်ဦးသည် ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအဖြစ် သတ္တိရှိရှိ ရုတ်တရက် ဝင်ရောက်အရွေးချယ်ခံဖို့ဆိုသည်မှာ လွယ်ကူသည့် ကိစ္စဟု မဆိုနိုင်ပါ။

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်း ကိစ္စရပ် တစ်ခုလုံးအတွက် စုစုပေါင်း ခွင့်ပြုရက်မှာ ဩဂုတ်လ ၁၆ ရက်မှ ၃၀ ရက်အထိ ရုံးဖွင့်ရက် ၁၁ ရက်သာ အချိန်ရရှိခဲ့ပါသည်။ ယင်းအခက်အခဲကြောင့် ပြည်ခိုင်ဖြိုးပါတီ (UDSP) နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP) နှစ်ပါတီမှလွဲ၍ ကျန်ပါတီ ၃၅ ခုလုံး ကြုံတွေ့ခဲ့ကြရသည်မှာ လုံလောက်သည့် လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်းကို အချိန်မီ တင်သွင်းနိုင်ရန်ဆိုသည့် အခက်အခဲ ဖြစ်ပါသည်။

*"ကျွန်တော်နားလည်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဆိုတဲ့ ကိစ္စမှာ fair election ဆိုတဲ့ မျှတတဲ့ ရွေးကောက်ပွဲဆိုတာက လက်ရှိအာဏာရပါတီ၊ ဒါမှမဟုတ် ရွေးကောက်ပွဲကို ဦးဆောင် ကျင်းပပေးတဲ့သူက သူတို့ကို ဝင်ယှဉ်ပြိုင်တဲ့*

*ပါတီတွေကို ဘယ်လောက်သဘောထားကြီးကြီး နဲ့မျှမျှတတ ဆောင်ရွက်ပေးသလဲ ဆိုတာပါပဲ။ ဒီပွဲ မှာကတော့ ကျွန်တော်တို့လိုအသစ်ဖွဲ့တဲ့ ပါတီတွေဟာ ကိစ္စအားလုံးကို ဖုတ်ပူမီးတိုက်လုပ်ခဲ့ရတာပါပဲ။ အဆင့်တိုင်းမှာ ရရှိတဲ့အချိန်က အင်မတန် တိုတောင်း ခဲ့ပါတယ်။ မြန်မြန်တိုက်ခိုက်ခံခဲ့ရတယ်လို့တောင်ပြောလို့ရပါတယ်။ အချိန်တိုတို အတွင်း မှာ တဆင့်ပြီး တဆင့် ရုန်းကန်ခဲ့ရတာ ဖြစ်ပါတယ်" (i)။ ။*

---

(i) ရွေးကောက်ပွဲဝင်ရောက်ခဲ့သော ဒီမိုကရေစီအင်အားစုပါတီတစ်ခုမှ ဝါရင့်နိုင်ငံရေးသမား ကိုယ်စားလှယ်လောင်း တစ်ဦးနှင့် ဆက်သွယ်မေးမြန်းချက် (၁၇.၁၁.၂၀၁၀)

## ၁.၇
## ရွေးကောက်ပွဲကော်မရှင်

၂၀၁၀ခုနှစ် မတ်လ ၁၁ရက်နေ့ထုတ် သတင်းစာပါ ကြေငြာချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ကိုဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းထားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ကြေညာချက်အမှတ်( ၁/၂၀၁၀ )
၁၃၇၁ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံဥပဒေ၊ ပုဒ်မ ၄၄၃ နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ( ၁/၂၀၁၀ ) တို့ဖြင့် ပြဋ္ဌာန်းထားသော ၂၀၁၀ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၃ တို့အရ အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် " ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် " ကိုဖွဲ့စည်းလိုက်သည်။

| | | |
|---|---|---|
| ၁။ | ဦးသိန်းစိုး | ဥက္ကဋ္ဌ |
| ၂။ | ဦးအင်ဇော်နော် | အဖွဲ့ဝင် |
| ၃။ | ဦးခင်မောင်န | အဖွဲ့ဝင် |
| ၄။ | ဦးစောဘလှိုင် | အဖွဲ့ဝင် |
| ၅။ | ဒေါက်တာဘမောင် | အဖွဲ့ဝင် |
| ၆။ | ဦးညွန့်တင် | အဖွဲ့ဝင် |
| ၇။ | ဦးမောင်သာလှ | အဖွဲ့ဝင် |
| ၈။ | ဒေါက်တာစိုင်းခမ်းလှိုင် | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၉။ | ဦးအောင်မြင့် | အဖွဲ့ဝင် |
| ၁၀။ | ဦးမြင့်နိုင် | အဖွဲ့ဝင် |
| ၁၁။ | ဒေါက်တာတင်အောင်အေး | အဖွဲ့ဝင် |
| ၁၂။ | ဒေါက်တာဒေါ်မြင့်ကြည် | အဖွဲ့ဝင် |
| ၁၃။ | ဒေါ်ခင်လှမြင့် | အဖွဲ့ဝင် |
| ၁၄။ | ဦးသာဦး | အဖွဲ့ဝင် |
| ၁၅။ | ဒေါက်တာမောင်ထူး | အဖွဲ့ဝင် |
| ၁၆။ | ဦးဝင်းကြည် | အဖွဲ့ဝင် |
| ၁၇။ | ဦးသာဌေး | အဖွဲ့ဝင် |

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး

ဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး(၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

၂၀၁၀ ရွေးကောက်ပွဲအတွက် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အဓိက ဆက်ဆံရသော ပါတီများ၏ ပြောကြားချက်များကို အခြေခံ၍ လေ့လာကြည့်ရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ခုအနေဖြင့် ရွေးကောက်ပွဲကို တရားမျှတမှုရှိအောင် ပြုလုပ်ကျင်းပပေးနိုင်ခဲ့ခြင်းမရှိဟု သံသယရှိကြပါသည်။

အခြား အဓိကကျသောကိစ္စရပ်တစ်ခုအဖြစ် "*ကော်မရှင်အဆင့်ဆင့်၏အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစွမ်းရည်၌ အားနည်းချက်များစွာရှိနေခြင်း*" ကို ကော်မရှင် အဆင့်ဆင့်ဖြစ်သော ပြည်ထောင်စုကော်မရှင်မှစ၍ တိုင်းကော်မရှင်၊ ခရိုင်ကော်မရှင်၊ မြို့နယ်ကော်မရှင်၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဆင့်အထိ အမှန်တကယ် ထိတွေ့ ဆက်ဆံခဲ့သော ပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲ အောင်နိုင်ရေးအဖွဲ့များ၏ ပြောကြားချက်များအရ တွေ့ရှိခဲ့ရပါသည်။

"*ကျွန်တော်တို့အနေနဲ့ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ဆက်ဆံခဲ့ရတာ*

*တစ်နေရာနဲ့ တစ်နေရာ လုပ်ကိုင်ပုံက မတူဘူး၊ ဒါပေမဲ့ နေရာတိုင်းမှာ အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲမှုက အားနည်းနေတော့ ကြန့်ကြာမှုတွေအများကြီးကြုံခဲ့ရတယ်"* (i)

ထိုသို့ဖြစ်ရခြင်းများမှာ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် မဲရုံများတွင် တာဝန်ယူရမည့်သူများကို ထိရောက်သည့် လုပ်ထုံးလုပ်နည်း သင်တန်းများ လုံလုံလောက်လောက် ပေးခြင်း မရှိခဲ့သောကြောင့်ဟု ဆိုကြသည်။

ထို့ကြောင့်ပင် ကော်မရှင်၏ လုပ်ငန်းများ ထိရောက်မှု၊ သွက်လက်မြန်ဆန်မှုများသည် အဖွဲ့အစည်း၏ စွမ်းဆောင်ရည်အပေါ်တွင် မူတည်ခြင်းမရှိဘဲ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးချင်းစီ၏အုပ်ချုပ်ရေးစွမ်းရည်နှင့် စေတနာအပေါ်တွင်မူတည်နေသည်ကို တွေ့ရပါသည်။

ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် တာဝန်ယူဆောင်ရွက်ရသည့် အချို့သော ဥက္ကဋ္ဌများသည် သီးခြားလွတ်လပ်သူများဖြစ်သည့်အတွက် အဖွဲ့အစည်းအနေဖြင့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုများ အားနည်းခဲ့သော်လည်း မှန်ကန်သော စေတနာဖြင့် မျှတစွာဆောင်ရွက်ပေးမှုရှိသည်ကို တွေ့ရသည်ဟု ပြောကြားကြသည်ကိုလည်း တွေ့ခဲ့ပါသည်။

*"ကျွန်မဝင်ပြိုင်ခဲ့တဲ့ မြို့နယ်မှာတော့ များသောအားဖြင့် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌတွေက မျှတမှုရှိပါတယ်။ အတွင်းရေးမှူးတော်တော်များကတော့ ကျွန်မတို့အပေါ်မှာ တော်တော်တင်းမာခဲ့ပါတယ်။ တင်းမာမှုမရှိဘူးဆိုတဲ့ လူတွေတောင်မှ လုပ်ထုံးလုပ်နည်းတွေနဲ့ ရှုံးလုပ်င်န်းကို ကြန့်ကြာအောင် လုပ်ခဲ့တယ်လို့ ထင်ပါတယ်။ ဥက္ကဋ္ဌတွေက ဆက်ဆံရေး ပိုကောင်းပါတယ်"* (ii)

ဥက္ကဋ္ဌများ၏ စေတနာနှင့် မျှတစွာဆောင်ရွက်မှုများကို ပြောင်းပြန်တွေ့ရှိရသည့် အခြားအချက်မှာ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ အတွင်းရေးမှူးများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများဖြစ်ပြီး၊ ၎င်းတို့သည် ဥပဒေများ၊ နည်းဥပဒေများက ခွင့်ပြုထားသည့် ဘောင်အတွင်းမှနေ၍ လုပ်ငန်းများကို ခက်ခဲ

(i) ရွေးကောက်ပွဲအောင်နိုင်ရေးတွင် ပါဝင်ကူညီခဲ့သော လူငယ်တစ်ဦး၏ ပြောကြားချက် (၅.၁၁.၂၀၁၀)

(ii) ရှမ်းပြည်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရခဲ့သော အမျိုးသမီး ကိုယ်စားလှယ်လောင်းတစ်ဦး၏ ပြောကြားချက် (၁၀.၁၁.၂၀၁၀)

ကြန့်ကြာအောင် ပြုလုပ်ကြသည်ဟု အမြင်ရှိနေသည့် အချက်ဖြစ်သည်။ အထူးသဖြင့် အမျိုးသားလွှတ်တော်အဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းများ အနေဖြင့် မြို့နယ်ကော်မရှင် တစ်ခုထက်ပို၍ ဆက်ဆံဆောင်ရွက်ခဲ့ရသဖြင့် အုပ်ချုပ်မှု ပုံစံများ၊ ဘက်လိုက်မှု မလိုက်မှုများကို တနေရာတမျိုးစီ ကြုံတွေ့ခဲ့ရသည်ဟုဆိုသည်။ ယင်းသည်ပင်လျှင် ရွေးကောက်ပွဲကော်မရှင်၏ သီးခြားလွတ်လပ်မှုနှင့် ဘက်လိုက်မှု ကင်း ရမည့် အခြေခံမှုများကို သံသယ ဖြစ်စေသည့် အချက်ဖြစ်ခဲ့ပါသည်။

*"ကျွန်တော်တို့က မဲရုံနားမှာ ပါတီစည်းရုံးရေးကြော်ငြာ လာကပ်ထားတာ လောက်ကိုမမှုဘူး။ လုပ်ချင်တာလုပ်ပါစေ။ ဒါပေမယ့် ကော်မရှင်က ဘက်မလိုက်နဲ့။ မျှမျှတတလုပ်။ မဲရုံမှူးတွေက ဘက်မလိုက်ဘူးဆိုတဲ့ အချက်ကိုလိုချင်တယ်။ မှတ်ပုံ တင်မရှိသူတွေကို အလွယ်တကူ မှတ်ပုံတင်ရအောင် လုပ်ပေးဖို့လိုတယ်။ အခုက ကုလားတွေမှာ မှတ်ပုံတင်ရပြီး ရခိုင်တွေမှာမရဘူး။ မှတ်ပုံတင် မရှိရင် သက်သေခံ ကတ် ပြားထုတ်ယူလို့ရတယ်ဆိုတာလည်းမပြောဘူး။ အဲဒါကပါတီက လုပ်တာ မဟုတ်ဘဲ ကော်မရှင်ကလုပ်တာ။ ဒါဟာတရားမျှတမှုမရှိတာပဲ"* (iii)

ယေဘုယျအားဖြင့် ပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် အဖွဲ့ဝင်များပြော သည့် စွပ်စွဲချက်များကို အခြေခံပြီးသုံးသပ်ကြည့်ပါက ကော်မရှင်အဆင့်ဆင့်အတွက် အထက်ပါအတိုင်းတွေ့ရပြီး ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများတွင် တာဝန် ပေးအပ်ခံရသည့် ကော်မရှင်အဖွဲ့ဝင်များ၏ သီးခြား လွတ်လပ်မှု၊ ရပ်တည်မှုများ မှာလည်း အငြင်းပွားဖွယ်ရာဖြစ်ကြောင်း တွေ့ရှိရသည်။ အဘယ်ကြောင့် ဆိုသော် ကျေးရွာကော်မရှင် အဖွဲ့ဝင်များသည် ပြည်ခိုင်ဖြိုး အသင်းဝင်ဟောင်းများ၊ ရယက အဖွဲ့ဝင်များနှင့် ပြည်ခိုင်ဖြိုးပါတီဝင်များ ဖြစ်နေသည့်အတွက်ကြောင့် ယင်းကဲ့သို့သော စွပ်စွဲချက်မျိုး ပေါ်ထွက်လာခြင်းဖြစ်သည်။

*"ကျွန်တော်သိသလောက်ကတော့ ကျောင်းဆရာ/မတွေ အကုန်လုံးက ကြံ့ဖွံ့ အဖွဲ့ဝင်တွေချည်းပဲ။ ပြီးတော့ အခု ရပ်ကွက်ကော်မရှင်တို့ ဘာတို့ ဆိုတာကလဲ အရင်က ကြံ့ခိုင်ရေးပွဲဆို သူတို့ ခြသေ့်တံဆိပ်ရင်ထိုးတွေနဲ့ ထိပ်ဆုံးက။ ဘာပဲပြောပြော အခု ကြံ့ခိုင်ရေး မဟုတ်တော့ပါဘူး ဆိုရင်တောင် ကျွန်တော်ကတော့ ယုံဘူးဗျာ"* (iv)

---

(iii) ရခိုင်ပါတီမှ ရွေးကောက်ပွဲကာလအတွင်း ထူးခြားဖြစ်စဉ်နှင့် တရားမျှတမှုများကို မှတ်တမ်းတင်သည့် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက် (၁၄.၁၁.၂၀၁၀)

(iv) အသက် ငါးဆယ် အရွယ် အောင်မြေသာဇံမှ အမျိုးသားတစ်ဦး၏ ပြောကြားချက်။

*"ဒီလူတွေချည်းပါပဲ။ အမျိုးသမီးရေးရာလဲ သူတို့ပဲ။ ကြံ့ခိုင်ရေးလဲ ဒီလူပဲ။ အခု မဲရုံတာဝန်ကျ ဆိုလဲ ဒီလူပဲ။ ဘာမှတော့ သိပ်မထူးလောက်ပါဘူး"* (v)

ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဖြစ်မနေလုပ်ပေးရမည့် ဆန္ဒမဲပေးခြင်း ဆိုင်ရာ ပညာပေး လုပ်ငန်းကို ထိထိရောက်ရောက် လုပ်ကိုင်ခဲ့ခြင်း လုံးဝမရှိခဲ့သည်ကို တွေ့ရပါသည်။ ရွေးကောက်ပွဲ နီးကပ်ချိန် ရက်သတ္တပတ် ၂ ပတ်အလို အောက်တိုဘာလ ၂၄ရက်၊ ၂၅ရက်၊ ၂၆ရက် နှင့် ၂၉ရက်နေ့ထုတ် ပြည်သူပိုင် သတင်းစာများတွင် ဆန္ဒမဲပေးခြင်းဆိုင်ရာ ပညာပေးဆောင်းပါးများ စတင်ထည့်သွင်းခဲ့ ခြင်း၊ ဆန္ဒမဲပေးနည်း အဆင့်ဆင့်ကို ရုပ်၊သံများတွင် ထုတ်လွှင့်ခြင်း၊ ရွေးကောက်ပွဲ မတိုင်မီ တစ်ရက်အလိုတွင် မဲပေးနည်းကို အော်လံဖြင့် အချို့ရပ်ကွက်များအတွင်း လိုက်လံကြေငြာခြင်းတို့ကိုသာ ပြုလုပ်ခဲ့ကြောင်း တွေ့ရသည်။ ယင်း၏ အကျိုးဆက် အနေဖြင့် ပယ်မဲရာခိုင်နှုန်းမှာ မဲစုစုပေါင်း၏ (၆%မှ၇%အထိ) ရှိသည်ဟု နိုင်ငံပိုင် မီဒီယာများမှ တရားဝင်ကြေငြာချက်များအရ တွေ့ရှိရပါသည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော
ဒီမိုကရေစီအင်အားစုပါတီများအနက်မှ ပါတီတစ်ခုမှ တာဝန်ရှိသူနှင့်
နိုဝင်ဘာ ၁၄ ၊ ၂၀၁၀ တွင် တွေ့ဆုံမေးမြန်းခြင်း

မေး။ ။ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်ကနေ ရွေးကောက်ပွဲကြီးတစ်ခုလုံးကို စီမံခန့်ခွဲမှု အဆင့်ဆင့်မှာ ဘက်လိုက်မှုတွေ၊ စီမံခန့်ခွဲမှု အရည်အသွေးညံ့ဖျင်းမှုတွေ၊ အကျင့်ပျက်ချစားမှုလို့ ပြောလို့ရတဲ့ချစားမှုတွေ ရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေ ရှိပါတယ်။ အဲအပေါ်မှာ ခင်ဗျားသဘောထား ဘယ်လို ရှိပါသလဲ။

ဖြေ။ ။ ခြုံပြောရင်တော့ အဲပြဿနာတွေ ရှိတာမှန်ပါတယ်။ ဒါပေမယ့် သူ့အပိုင်းနဲ့သူရှိတာတွေကို တစ်ခုစီပြောချင်ပါတယ်။ တစ်ခုကတော့ ကျွန်တော်တို့ ပါတီနဲ့ထိတွေ့ဆက်ဆံရတဲ့ ကော်မရှင် ဥက္ကဋ္ဌတွေ၊ ရပ်ကွက်၊ မြို့နယ်နဲ့ ခရိုင် ကော်မရှင်ဥက္ကဋ္ဌတွေကတော့ အများစုမှာ စေတနာမှန်မှု၊ ဖြောင့်မတ်မှုရှိတယ် ဆိုတာတွေကိုတွေ့ရပါတယ်။ နောက်ပြီး ရွေးကောက်ပွဲ လုပ်ငန်းစဉ် အဆင့်ဆင့်မှာ ပူးပေါင်းကူညီမှုတွေ အများကြီးတွေ့ရပါတယ်။ ဒါကတစ်ချက်ပါ။

ဒုတိယအနေနဲ့ကတော့ ကော်မရှင်အတွင်းရေးမှူးများဖြစ်ပါတယ်။ သူတို့က

(v) ၃၅ နှစ်အရွယ် မဟာအောင်မြေမှ အမျိုးသမီးတစ်ဦး၏ ပြောကြားချက်။

ဆိုင်ရာအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းတွေဖြစ်တဲ့အတွက် အများစုက တင်းမာမှုတွေရှိတာကိုတွေ့ရပါတယ်။ ခုနကပြောတဲ့ ဘက်လိုက်မှုတွေ၊ မတရားမှုလို့ပြောလို့ရတဲ့ ကြိုတင်မဲတွေကိစ္စမှာ အဓိက လုပ်ရှားသူတွေလို့လည်း ပြောလို့ရပါတယ်။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလမှာ ခွင့်ပြုမိန့်တွေ၊ ပါမစ်တွေပေးရာမှာလည်း များသောအားဖြင့် သူတို့က တင်းမာမှု ရှိတာကိုတွေ့ရတယ်။

ရပ်ကွက်ကော်မရှင်ဥက္ကဌတွေထဲမှာတော့ ရပ်ကွက်ကိုလိုက်ပြီး သမာသမတ်ရှိတဲ့ဥက္ကဌတွေရှိသလို ယခင် ရယကဥက္ကဌ ဟောင်းများ၊ ပြည်ခိုင်ဖြိုးအသင်းဝင်များဆိုတာတွေက ရောထွေးပါဝင်နေတာကို တွေ့ရပြီး သူတို့ရဲ့ ဘက်လိုက်မှုတွေ မဲလိမ်မှုတွေရှိတာကိုတွေ့ရတယ်။ ဒါငြင်းလို့မရပါဘူး။

ကော်မရှင်အဆင့်ဆင့်ရဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်မှုနဲ့ ကျင့်သုံးတဲ့ ပုံစံမှာဆိုရင်လည်း အမျိုးစုံတွေ့ရပါတယ်။ ဥပမာရန်ကုန်တိုင်းမှာရှိတဲ့ခရိုင်ကော်မရှင်လေးခုမှာဆိုရင်လည်းပုံစံလေးမျိုးနဲ့ဆောင်ရွက်ကြတာကို တွေ့ရတယ်။ အဲတော့ အရည်အသွေး ဒီထက်ပြည့်ဝဖို့ လိုအပ်တယ်ဆိုတာ သေချာပါတယ်။ သူတို့ရဲ့အုပ်ချုပ်ရေးစွမ်းရည်တက်လာဖို့ လိုပါတယ်။ စေတနာကောင်းတာ တခုတည်းလုပ်လို့မရပါဘူး။ ကော်မရှင်များမှာ စွမ်းဆောင်ရည်လိုအပ်ချက် ရှိနေတာကို တွေ့ရပါတယ်။

ပြည်ထောင်စုကော်မရှင်ကနေစပြီး ကော်မရှင်အဆင့်ဆင့်သည် သီးခြားရပ်တည်ချက်နဲ့ လွတ်လပ်မှုအားနည်းတယ်ဆိုတာကို တွေ့ရပါတယ်။ အမှန် တကယ်ဖြစ်သင့်တာကတော့ ရွေးကောက်ပွဲ ကော်မရှင်အဆင့်ဆင့်သည် အဆင့်ဆင့်သော အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်းများရဲ့ ဩဇာလွှမ်းမိုးမှုကင်းရှင်းဖို့၊ ထိပ်ဆုံးမှာရှိတဲ့ ပြည်ထောင်စုကော်မရှင်သည်လည်း လက်ရှိအစိုးရရဲ့ အုပ်ချုပ်ရေးအာဏာ၊ နိုင်ငံရေးဩဇာကင်းရှင်းဖို့ အထူးပဲလိုအပ်တာကိုတွေ့ရပါတယ်။ အခုရွေးကောက်ပွဲမှာ အဲနှစ်ခုကတော့ အားနည်းတယ်ဆိုတာကို ကျွန်တော်တို့ သုံးသပ်လို့ရပါတယ်။

## ၁.၈
# မဲဆွယ်စည်းရုံးရေးကာလ

၂၀၁၀ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် အမိန့်ကြေငြာစာအမှတ် ၉၁/၂၀၁၀ဖြင့်ပါရှိသည့် "လွှတ်တော် ကိုယ်စားလှယ်လောင်းများစုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့် ထုတ်ပြန်ချက်များ" အရ မဲဆွယ်စည်းရုံးရေးကာလသည် ထိုနေ့မှစ၍ အကျုံးဝင်ကြောင်းယေဘုယျသတ်မှတ်နိုင်သည်။ ထိုမဲဆွယ်စည်းရုံးရေးကာလစတင်သည့် အချိန်တွင် နိုင်ငံရေးပါတီများ၏ သက်တမ်းမှာ ပါတီမှတ်ပုံတင်ခွင့် ပြုသည့်ရက်မှစ၍ ရေတွက်ပါက ကြေငြာချက်ထုတ်သော ဩဂုတ်လ ၁၉ ရက်နေ့တွင် ၄၁ ရက်မှ ၉၁ ရက်သာရှိကြောင်းတွေ့ရသည်။ မဲဆွယ်စည်းရုံးရေးကာလစတင်သည့် ဩဂုတ်လ ၁၉ ရက် မှ နိုဝင်ဘာလ ၆ ရက်နေ့ အထိ ရက်ပေါင်း ၇၉ ရက်ရရှိခဲ့သည်။ ထို ၇၉ ရက်ဟူသော အချိန်ကာလသည် အသစ်တည်ထောင်ထားသော ပါတီများအတွက် မဲဆွယ်စည်းရုံးရေးလုပ်ရန် အလွန်နည်းပါးသော အချိန်ကာလဖြစ်ကြောင်းတွေ့ရသည်။

ထို့အပြင် ပြည်ခိုင်ဖြိုးပါတီ၏ အဓိကယှဉ်ပြိုင်ဘက်များသည် စည်းရုံးရေးဟောပြောပွဲများအတွက် ခွင့်ပြုမိန့်များ တောင်းခံရာတွင် ကန့်သတ်ချုပ်ချယ်မှုများစွာခံရခြင်းနှင့် ကော်မရှင်များ၏ ဘက်လိုက်မှုများကို ကြုံတွေ့ရခြင်းက "လွတ်လပ်စွာစည်းရုံးပိုင်ခွင့်"ကို အဟန့်အတားဖြစ်စေခဲ့ပါသည်။ ထိုကန့်သတ်မှုများကြောင့် လူထုစည်းဝေးဟောပြောခြင်းများလည်းကျင်းပနိုင်ခြင်း နည်းပါးခဲ့ပါသည်။

နိုင်ငံပိုင်မီဒီယာများမှ နိုင်ငံရေးပါတီတိုင်း၏ ပါတီမူဝါဒပိုင်းဆိုင်ရာဟောပြောချက်များကို စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ထုတ်လွှင့်ခွင့်ပြုခဲ့ပါသည်။ မဲဆွယ်စည်းရုံးရေး ကာလ တလျှောက်လုံးအတွက် တစ်ကြိမ်စာ ၁၅မိနစ်အချိန်ပေး၍ပြောကြားခွင့်ပြုခဲ့ပြီး ယင်းအစီအစဉ်ကိုပင် ၂ ကြိမ်စီ ထုတ်လွှင့်ပေးခဲ့သည်ကိုတွေ့ရသည်။ ပြည်ခိုင်ဖြိုးပါတီနှင့် ယှဉ်ပြိုင်ဘက်ပါတီများအားလုံးသည် ဟောပြောခွင့် အခွင့်အရေးတန်းတူရခဲ့သော်လည်း ဟောပြောချက်များအတွက် တင်းကျပ်သော ဆင်ဆာစည်းကမ်းများဖြင့် အကြိမ်ကြိမ်စစ်ဆေးပြီးမှ ခွင့်ပြုခဲ့ရာ ကန့်သတ်ချုပ်ချယ်မှုများရှိကြောင်း တွေ့ရှိရသည်။

*"ကျွန်တော်တို့ပါတီက ပထမတင်သွင်းတဲ့ ဟောပြောချက် တစ်ခုလုံး*

*အပယ်ခံရပါတယ်။ နောက်တစ်ခေါက်ထပ်တင်တော့ တချို့အချက်တွေကို ဖြုတ်လိုက်ရတဲ့အတွက် တကယ်တမ်း TV က ပောပြောချက်တွေမှာတော့ အင်အားရှိတဲ့ နိုင်ငံရေး Message တွေပါမသွားတော့ဘူး"* (i)

အထက်ပါ ကန့်သတ်ချက်များအပြင် ဒီမိုကရေစီပါတီများအတွက် စည်းရုံးရေး လုပ်ဆောင်ရာတွင် ကြုံတွေ့ရသော အခြားအခက်အခဲတစ်ခုမှာ အချို့သော မဲဆန္ဒနယ်များတွင် ရယကဥက္ကဌကဲ့သို့သော ရာထူးများအပါအဝင် ဒေသဆိုင်ရာ အာဏာပိုင်များသည် ပြည်ခိုင်ဖြိုးအသင်းကြီး၏ အမာခံအဖွဲ့ဝင်ဟောင်းများဖြစ်နေခြင်း၊ ပြည်ခိုင်ဖြိုးပါတီ၏ လက်ရှိပါတီဝင်များ ဖြစ်နေခြင်းတို့ကြောင့် ဩဇာအာဏာကိုသုံး၍ မိမိပါတီအတွက် ဘက်လိုက်မှုများ၊ ပါဝင်ပတ်သက်မှုများရှိခဲ့သည်။ ထိုပါဝင်ပတ်သက်မှုများကို အခြေခံ၍ ပြည်ခိုင်ဖြိုးပါတီနှင့် ယှဉ်ပြိုင်ဘက်ဖြစ်သော ပါတီများ၏ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကို အဟန့်အတား ဖြစ်စေခဲ့မှုများ၊ အခက်အခဲဖြစ်စေခဲ့ခြင်းများရှိခဲ့ပါသည်။

မဲဆွယ်စည်းရုံးရေးကာလ တစ်ခုလုံးကို ခြုံငုံသုံးသပ်ကြည့်ပါက ပြည်ခိုင်ဖြိုးပါတီအနေဖြင့်လည်း မဲဆွယ်စည်းရုံးရေး လုပ်ငန်းများကို အထူးတလည် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပါ။ အခြားပါတီများအနေဖြင့်လည်း ငွေကြေးနှင့်လူအင်အားအခက်အခဲ၊ လုပ်ပိုင်ခွင့် အကန့်အသတ်များကြောင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာပြည်သူလူထုအနေဖြင့်လည်း နိုင်ငံရေးပွဲဦးထွက် ၂၀၁၀ ရွေးကောက်ပွဲ၌ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းဟူသော အတွေ့အကြုံနှင့်များစွာ ထိတွေ့ခွင့် မရလိုက်ကြသည်ကိုတွေ့ရှိရသည်။ ။

---

(i)ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ဒီမိုကရေစီအင်အားစု ပါတီတစ်ခုနှင့် ဆက်သွယ်မေးမြန်းချက် (၃၀.၁၀.၂၀၁၀)

၁.၉
# ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်း

၂၀၁၀ခုနှစ် နိုဝင်ဘာ ၇ရက်၊ ရွေးကောက်ပွဲနေ့၌ မဲရုံအများစုတွင် မဲရုံများ၏ ရွေးကောက်ပွဲဆိုင်ရာ စည်းကမ်းများဖြစ်သည့် နံနက် ၆ နာရီ မဲရုံဖွင့်လှစ်ရန်၊ အများပြည်သူရှေ့မှောက်တွင် မဲပုံးအလွတ်များပြသရန် စသည်တို့ကို ဥပဒေ၊ နည်းဥပဒေပါလုပ်ထုံးလုပ်နည်းများအတိုင်း ပြသမှုရှိသော်လည်း အချို့သောမဲရုံများ၊ အထူးသဖြင့် ကျေးလက်ဒေသများရှိ မဲရုံများတွင် မဲရုံဖွင့်လှစ်ပြီးလျှင် ပြီးခြင်း မဲပုံးများအတွင်း ဆန္ဒမဲများဖြင့် ပြည့်နေသည်ကို ထူးခြားဖြစ်စဉ်တခု အနေဖြင့် တွေ့ရှိခဲ့ရပါသည်။ *[ရွှေပြည်သာ ၁၇ရပ်ကွက် မဲရုံများတွင်ဖြစ်ပွားသော မဲမသမာမှု] (i)*

ယေဘုယျအားဖြင့် ရွေးကောက်ပွဲနေ့ မဲပေးဖြစ်စဉ် တလျှောက်လုံးတွင် လွတ်လပ်စွာဆန္ဒမဲပေးနိုင်သည်ကိုတွေ့ရှိရပါသည်။ မဲပေးသူအများစုသည် အနှောင့်အယှက်မရှိ၊ အေးချမ်းစွာနှင့် မဲပေးနိုင်ခဲ့ကြပါသည်။ အသေးစိတ်အားဖြင့် နံနက်ပိုင်း မဲပေးမှုအားလုံးမှာ အေးချမ်းငြိမ်သက်သော်လည်း နေ့ခင်းပိုင်းမှစ၍ မူမမှန်သည့်ကိစ္စရပ်များဖြစ်ပွားလာသည်ကို တွေ့ရပါသည်။ အထူးသဖြင့် ချောင်ကျသည့် မြို့ပြနေရာများနှင့် အလှမ်းဝေးသည့် ကျေးလက်ဒေသများတွင် မူမမှန်သည့်ဖြစ်စဉ်များ အများဆုံးဖြစ်ပွားခဲ့ပါသည်။ မူမမှန်သော ကိစ္စရပ်များအဖြစ် မဲရုံအတွင်းရှိ မဲရုံမှူးအပါအဝင် တာဝန်ရှိသူများက ပြည်ခိုင်ဖြိုးပါတီကို မဲပေးရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဖိအားပေးစေခိုင်းမှုများရှိကြောင်းသိရှိရသည်။ အထူးသဖြင့် မဲရုံပိတ်ချိန်နီးလာသည်နှင့်အမျှ မဲထွက်ပေးသူ အရေအတွက်ကို အခြေခံပြီး မဲမသမာမှုများပြုလုပ်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

*"ရွေးကောက်ပွဲမှာလာရောက်မဲပေးတဲ့သူတွေကို မဲရုံမှူးက သူ့ကျောင်းသားတွေကို ပြောတဲ့လေသံမျိုးနဲ့ 'ဘယ်ပါတီကိုထည့်ရမှာလဲ သိတယ်မို့လား၊ ဘယ်ပါတီလဲ သိတယ်မို့လား' ဆိုပြီး ကြံ့ဖွံ့ကို မဲထည့်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါတဲ့ စကားလုံးမျိုးနဲ့ အော်*

(i) ရွှေပြည်သာ ၁၇ရပ်ကွက်ရှိ မဲရုံတစ်ခု၌ နံနက် ၇နာရီမဲပေးစဉ် မဲပုံးအတွင်း မဲပြားများဖြင့် ပြည့်ညပ်နေသည့်အတွက် တုတ်ဖြင့် ထိုးထည့်ခဲ့ရသည်ဟု မဲဆန္ဒရှင်တစ်ဦးက ပြောကြား (၇.၁၀.၂၀၁၀)

*ဟစ်ပြောဆိုနေတာကိုတွေ့မြင်ခဲ့ရတယ်။ မဲလက်မှတ်တွေကို ဒိုင်ခံပြီး အမှတ်ခြစ်ပေးနေတဲ့ ဆရာမကတော့ 'ရွာသားတွေက မလုပ်တတ်မကိုင်တတ်နဲ့ နောက်ပြီးတော့ သဘောမပေါက်ဘူးဖြစ်နေတော့ သူတို့ကြိုက်တဲ့ပါတီကိုပြောခိုင်းပြီး ကျွန်မတို့က ခြစ်ပေးတာပါ' လို့ ပြောကြတယ်"* (ii)

အခြားအမျိုးအစားတစ်ခုဖြစ်သော နောက်တိုးမဲများပေးစေခြင်းဖြင့်လည်း ဆန္ဒမဲမသမာမှုများပြုလုပ်ခဲ့ကြသည်ကိုတွေ့ရှိရသည်။ ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သည့် ဥပဒေများပါ ဖော်ပြချက်များအရ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် မိမိ၏ အမည်ပါ၊ မပါကို သက်ဆိုင်ရာ မဲစာရင်းထုတ်ပြန်ကြေငြာသည့် နေရာများတွင် သွားရောက်စစ်ဆေးရမည်ဖြစ်ပြီး မိမိနာမည်မပါခဲ့၍ ထည့်သွင်းလိုပါက ကော်မရှင်မှ သတ်မှတ်ထားသော နောက်ဆုံးရက်မတိုင်မီ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများကို ဥပဒေနှင့်အညီ နောက်တိုးမဲစာရင်းအဖြစ် ထည့်သွင်းပေးရမည်ဖြစ်ကြောင်း ကြေငြာထားသည်။ နာမည်စာရင်းထည့်သွင်းရမည့် နောက်ဆုံးရက်ကို ရွေးကောက်ပွဲနေ့မတိုင်မီ ရက်သတ္တပတ်သုံးပတ်အလိုတွင် သတ်မှတ်ထားပါသည်။ သို့သော် နိဝင်ဘာလ ၇ ရက် မဲပေးနေစဉ်အချိန်အထိတိုင် နောက်တိုးစာရင်းများ ထပ်တိုးပေးခြင်းကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ မဲပေးခွင့်ပြုခဲ့သော ကိစ္စများဖြစ်ပွားခဲ့သည်ကိုတွေ့ရှိရသည်။ နောက်တိုးစာရင်းများကိုခွင့်ပြုခဲ့ရာတွင်လည်း လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ ပြသနိုင်ခြင်းမရှိသူ မဲဆန္ဒရှင်များကိုပါ မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးစေခဲ့ကြောင်း သိရှိရပါသည်။ အဆိုးရွားဆုံးဖြစ်ပွားခဲ့သည့် ကိစ္စရပ်မှာ ရွေးကောက်ပွဲနေ့ ညနေပိုင်းတွင် မဲရုံများ၌ အထောက်အထားမရှိဘဲလိုသလို တိုက်ရိုက်စာရင်းရေးသွင်း၍ မဲပေးစေခဲ့ခြင်းဖြစ်သည်။ ထိုဖြစ်ရပ်များကိုကြည့်ပါက မဲစာရင်းများ၏ ခိုင်မာမှုသည် အလွန်အားနည်းခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်ပါသည်။

*"ကျွန်တော်တို့က နယ်ကလာတာပါ။ ဒီမှာ သန်းခေါင်စာရင်းမရှိတော့ ဧည့်စာရင်းနဲ့ နေရတယ်။ ဒီရပ်ကွက်ကို ပြောင်းလာတာလည်း လပိုင်းပဲ ရှိသေးတော့ မဲစာရင်းမှာမပါဘူး။ အလုပ်တဖက်နဲ့ နယ်လဲမပြန်ချင်၊ မဲလည်း ပေးဖူးတယ်ရှိအောင် ပေးချင်လို့ ရပ်ကွက်ရုံးကို ရွေးကောက်ပွဲမတိုင်ခင် တစ်ရက်မှာသွားပြောတာ မှတ်ပုံတင်နံပါတ်တွေ၊ အဖေအမေနာမည်တွေ၊ အလုပ်အကိုင်တွေကို မေးထားလိုက်ပြီး*

---

(ii)မဲရုံတွင် တာဝန်ကျသူ မူလတန်းကျောင်းအုပ်တစ်ဦး၏ ပြောကြားချက်(၁၂.၁၁.၂၀၁၀)

*မဲပေးတဲ့နေ့ကိုလာခဲ့ဖို့ ပြောလိုက်တယ်။ မဲပေးတဲ့နေ့သွားတော့လည်း သူများတွေကို စလစ်နံပါတ်တွေ ဘာတွေ မရပါဘူး။ ဒါမယ့် မဲပြားထုတ်ပေးတော့ ကျွန်တော်လည်း စိတ်ထဲရှိတာ ခြစ်ပြီး ထည့်ခဲ့လိုက်တယ်။ မဲက သုံးပုံးထည့်ရတယ်"* (iii)

တနိုင်ငံလုံးအတိုင်းအတာနှင့် ကြည့်မည်ဆိုပါကလည်း နည်းလမ်းပေါင်းစုံဖြင့် မဲသမာမှုများပြုလုပ်သည်ကိုတွေ့ရှိရပါသည်။ မဲရုံစောင့်ကြည့်ရေး တာဝန်ကျသူများကို ဖိအားပေး ခြိမ်းခြောက်၍ သော်လည်းကောင်း၊ ငွေကြေးသို့မဟုတ် အခြားအခွင့်အရေး တစ်ခုခုနှင့် ဆွဲဆောင်၍သော်လည်းကောင်း၊ တွန်းအားပေးခြင်းဖြင့်သော်လည်းကောင်း၊ ပြည်ခိုင်ဖြိုးပါတီအတွက် ကိုယ်ပျောက်မဲများ မဲထည့်ပေးစေရန် စေခိုင်းခဲ့သည်ကို တွေ့ ရပါသည်။ ထို့အပြင် ပြည်ခိုင်ဖြိုးပါတီမှ လွှတ်၍ မဲထည့်ခိုင်းထားသူဟု ယူဆရသူ ဆယ်ဦး၊ ဆယ့်ငါးဦးခန့် ရောက်ရှိလာပြီး တစ်ဦးလျှင် ဆယ်မဲ၊ ဆယ့်ငါးမဲခန့် ဆန္ဒမဲ လက်မှတ်များထုတ်ယူကာ ပြည်ခိုင်ဖြိုးပါတီအား မဲထည့်ကြသည်ကိုတွေ့ရသည်။ အထူး သဖြင့် ယင်းကဲ့သို့သော မသမာမှုများသည် ဒီမိုကရေစီ အင်အားစုပါတီများ မဲရုံ ကိုယ်စားလှယ်မထားနိုင်သည့် မဲရုံအများစုတွင် ဖြစ်ပွားခဲ့သည်ကို တွေ့ခဲ့ရသည်ဟု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ပြောကြားချက်များအရသိရှိရသည်။ ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်များနှင့် ရယက ကဲ့သို့သော အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်က မိမိတို့ဝင်ရောက်ခွင့်မရှိသော မဲရုံများအတွင်းသို့ ဝင်ရောက်ပြီး ဆန္ဒမဲပေးရာတွင် စွက်ဖက်ခြင်း၊ မသမာမှုပြုလုပ်ခြင်းများလည်းရှိခဲ့ပါသည်။ အချို့သော မဲဆန္ဒနယ်များ တွင် မိမိကိုယ်တိုင် စဉ်းစားဆုံးဖြတ်နိုင်ခြင်း အားနည်းသော မဲဆန္ဒရှင်များ၏ အနေအထားကို မဲရုံတာဝန်ရှိသူများမှ အသုံးချ၍ မဲလက်မှတ်များ၌ ၎င်းတို့စိတ်ကြိုက်ပါတီကို ရွေးချယ်မဲပေးပြီး မဲဆန္ဒရှင်အနေဖြင့် မဲပုံးထဲသို့ ဆန္ဒမဲထည့်ခြင်း ကိစ္စရပ်ကိုသာလျှင် ပြုလုပ်ခဲ့ရကြောင်း ကာယကံရှင် မဲဆန္ဒရှင်များ၏ ပြောကြားချက်များအရ သိရှိရသည်။ *[သုံးခွမြို့နယ်၊ မင်းရွာအသင်းကျေးရွာ၊ မဲရုံအမှတ် ၁ ]* (iv)

---

(iii) စမ်းချောင်းမြို့နယ်တွင် ဆန္ဒမဲပေးခဲ့သူ နယ်မှရန်ကုန်သို့ လာရောက်၍ အလုပ်လုပ်နေသူ လူငယ်တစ်ဦး၏ ပြောကြားချက် (၈.၁၁.၂၀၁၀)

(iv) ဖြစ်စဉ် (၁) ရယကဉက္ကဋ္ဌ ဦးချစ်လွင်မှ သက်ဆိုင်ရာပါတီမှ စေလွှတ်ထား သည့် မဲရုံကိုယ်စားလှယ်များအား မဲရုံအပြင်ဘက်တွင် နေရာချပေး၍ မဲလက်မှတ်များ မည်သို့ မည်ပုံထုတ်ပေးသည်ကို မသိနိုင်စေရန် ပြုလုပ် ဖြစ်စဉ် (၂) ရယကဉက္ကဋ္ဌ ဦးချစ်လွင်မှ မဲရုံအတွင်း လျှို့ဝှက်ဆန္ဒပြုခန်းအထိ သွားရောက်၍ ကြံ့ခိုင်ရေးပါတီအား မဲပေးရန် မဲရုံအတွင်း၌ မဲဆွယ်စည်းရုံး

သက်သေ။ ။ NDF ပါတီမဲရုံကိုယ်စားလှယ်

*"ကွမ်းခြံကုန်းမြို့နယ်မှ ဆိုင်ကယ်ဖြင့် တစ်နာရီခန့်သွားပါက သပြုစမ်းကျေးရွာသို့ ရောက်ပြီး ယင်းသပြုစမ်း ကျေးရွာ ရှိမဲရုံတွင် မဲပေးသည့် ရွာသားများသည် အရုပ်များသဖွယ် မဲရုံမှူးဆရာမများက လိုသလို ကြိုးဆွဲမှုအောက် ကပြနေသကဲ့သို့ မဲလက်မှတ်ထုတ်ပြီးနောက် ယင်းမဲရုံများလက်ထဲသို့ မဲလက်မှတ်ကိုအပ်ရပြီး အဆိုပါ မဲရုံမှူးများမှ "အမှတ်ခြစ်"ပြီး နောက် မဲစာရွက်ကိုခေါက်ပြီး မဲဆန္ဒရှင်များ၏ လက်ထဲသို့ ထည့်ကာ မဲပုံးထဲသို့သွားရောက် ထည့်ခိုင်းသည်"* (v)

မဲဆန္ဒနယ်အများစုတွင် ပြည်ခိုင်ဖြိုးပါတီမှ မဲဆန္ဒနယ်တစ်ခုလုံးကို ကြိုတင်စည်းရုံးသိမ်းသွင်းထားပြီး ယင်းတို့၏ ပါတီတစ်ခုတည်းကိုသာ မဲပေးစေရန် ဆောင်ရွက်ခဲ့မှုများရှိသည်ဟုသိရသည်။ စည်းရုံးသိမ်းသွင်းရာတွင် အသုံးပြုသောနည်းလမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များလုပ်ဆောင်ပေးခြင်း၊ အသေးစားချေးငွေများ၊ ချေးပေးခြင်းစသည့် ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများကို မဲဆွယ်မှုလုပ်ငန်းများအသွင်ဖြင့် ဆောင်ရွက်ခဲ့ကြမှုများရှိပြီး၊ ပြည်ခိုင်ဖြိုးပါတီမှအပ အခြားပါတီများကို မဲမပေးဝံ့တော့စေရန် ကြိုတင်ဖိအားပေး စီစဉ်ဆောင်ရွက်ခဲ့ကြသည်ကိုတွေ့ရသည်။ ထိုနည်းလမ်းများဖြင့်ပင် မဲဆန္ဒနယ်နေရာအတော်များများတွင် ပြည်ခိုင်ဖြိုးပါတီ အပြတ်အသတ်အနိုင်ရခဲ့ကြသည်ကိုတွေ့ရသည်။


( ဥပမာ- တောင်သာ/မြင်းခြံ/ ကျောက်ဆည် *မှ ဖြစ်ရပ်များ*)

*"ရွေးကောက်ပွဲရက်မတိုင်ခင်လပိုင်းအလိုကတည်းကရပ်ကွက်ထဲမှာလမ်းလာခင်းပေးတယ်။ အလကားခင်းပေးတာလို့ ပြောပြီးတော့ ပိုက်ဆံလာကောက်တာလဲရှိတယ်။ နောက်ပြီးတော့ လမ်းခင်းပေးထားတယ်နော်။ မဲပေးရင် ဘယ်ပါတီကိုပေးရမှာလဲ သိတယ်မို့လားလို့ ပြောင်ဖွင့်မဲဆွယ်တဲ့ ရပ်ကွက်လူကြီးဆိုသူတွေတောင်မှရှိတယ်"* (vi)

---

(v) ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူ တစ်ဦး၏ ပြောကြားချက် (၈.၁၁.၂၀၁၀)

(vi) တောင်ဥက္ကလာမှပြည်သူတစ်ဦး၏ ပြောကြားချက်(၁၁-၁၁-၂၀၁၀)




မဲပေးရာတွင် လျှို့ဝှက်ဆန္ဒပြုနိုင်ခြင်းရှိမရှိ။
၄၈.၄၈% ရှိပါသည်၊ ၂.၄၂ % မသိပါ၊ ၄၉ .၀၉ % မရှိပါ ဟုဖြေကြားခဲ့ပါသည်။

## မဲရုံတာဝန်ရှိသူများ

ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်တွင် မဲရုံမှူးများအပါအဝင် မဲရုံဝန်ထမ်းများအဖြစ် တာဝန်ယူရသူအများစုမှာ ပညာရေးဝန်ထမ်းများဖြစ်သည့်အတွက် ရွေးကောက်ပွဲဆိုင်ရာ နည်းဥဒနှင့် လုပ်ထုံးလုပ်နည်းများကျင့်သုံးရာတွင် ယေဘုယျအားဖြင့် အခက်အခဲမရှိသည်ကိုတွေ့ရှိရသည်။ သို့သော် ရွေးကောက်ပွဲတစ်ရပ်၏ အသက်ဟု ဆိုနိုင်သော "လျှို့ဝှက်ဆန္ဒမဲပေးခြင်း" ဆိုသည့် ဂုဏ်အင်္ဂါရပ်နှင့် ပြည့်စုံခြင်းရှိ၊ မရှိကို လေ့လာကြည့်လျှင် သံသယဖြစ်ဖွယ်ကိစ္စရပ်များကို တွေ့ရှိရပါသည်။ မဲရုံအများစုတွင် ဆန္ဒပြုသည့်နေရာ အခင်းအကျင်း စီစဉ်ထားရှိမှုများမှာ လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ် ဟုတ်မဟုတ်သံသယဖြစ်နိုင်ဖွယ်ရှိသည်ကိုတွေ့ရသည်။ အချို့မဲရုံများတွင် လျှို့ဝှက်ဆန္ဒမဲပေးခြင်း စနစ်အကြောင်းကို မဲရုံတာဝန်ရှိသူ ဝန်ထမ်းများမှ အမှန်တကယ်သိရှိနားလည်ထားခြင်း မရှိသောကြောင့်ဟု နားလည်လက်ခံနိုင်သော်လည်း၊ အချို့မဲရုံများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဆန္ဒပြုရာနေရာအား မဲရုံအတွင်းရှိ အခြားလူများမြင်နိုင်ရန် ပြုလုပ်ထားသည်ကို မဲဆန္ဒရှင်များ၏ သုံးသပ်ချက်များအရ တွေ့ရှိရသည်။ အထူးသဖြင့် ပြည်ခိုင်ဖြိုးပါတီ၏ အတင်းအကျပ်စေခိုင်းမှုရှိသည့် မဲရုံများတွင် မဲပေးခြင်းကို အနီးကပ် စောင့်ကြည့်စေခိုင်းနိုင်ရန် ပြင်ဆင်ထားသည်ကို တွေ့ရှိရသည်။

## ဆန္ဒမဲရေတွက်ခြင်း

*ရွေးကောက်ပွဲကျင်းပသည့်နေ့၌ ဆန္ဒမဲပေးခြင်းကိစ္စ ပြီးဆုံးလျှင် ပြီးဆုံးခြင်း ဆန္ဒမဲရေတွက်ခြင်းကို ရွေးကောက်ပွဲ နည်းဥပဒေများအရ ပုံမှန်အားဖြင့် ညနေ ၄ နာရီ မဲရုံပိတ်ချိန်တွင်စတင်ရမည်ဖြစ်ပြီး၊ မဲရုံများတွင် မဲရေတွက်ချိန်၌ မျက်မြင်သက်သေ အနေဖြင့် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များအပြင် အများပြည်သူ အနည်းဆုံး ၁၀ ဦးရှေ့မှောက်တွင် ရေတွက်ရမည်ဟု ဖော်ပြပါရှိသည်။* (vii)

မဲရေတွက်ခြင်းဆိုင်ရာ မဲလိမ်မှု၊ မဲမသမာမှုများနှင့် ပတ်သက်၍ သုံးသပ်ကြည့်လျှင် ပထမဆုံး အချက်အနေဖြင့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေနှင့် မညီသော ကြိုတင်ဆန္ဒမဲများအား ထည့်သွင်းရေတွက်ခဲ့ခြင်းကို တွေ့ရှိရသည်။ ရွေးကောက်ပွဲ နည်းဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၅၁ ဃ အရ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲ လက်မှတ်များပါရှိသည့် စာအိတ်များနှင့် လက်ခံဖြတ်ပိုင်းများကို ရပ်ကွက်သို့ ကျေးရွာ အုပ်စု ကော်မရှင်မှ ပုံစံ(၁၃)နှင့် အတည်ပြုပြီး၊ ကြိုတင်ဆန္ဒပြုပြီးသော မဲဆန္ဒရှင်များ၏ အမည်စာရင်း၊ သက်ဆိုင်ရာ မဲစာရင်းတို့နှင့် အတူတကွ မဲရုံများမဖွင့်မီ မဲရုံမှူးများထံ ပို့ပေးရမည်ဖြစ်သည်။ ယင်းသို့ဆိုထားသည့်တိုင် ကြိုတင်ဆန္ဒမဲလက်မှတ်များသည် ညနေလေးနာရီနောက်ပိုင်းတွင် မြို့နယ်ကော်မရှင်များသို့ ရောက်ရှိလာမှုများရှိပါသည်။ ရောက်ရှိလာသော ကြိုတင်မဲများ၏အနေအထားမှာလည်း ကြိုတင်ဆန္ဒမဲပြုခြင်းဆိုင်ရာ နည်းဥပဒေများနှင့်အညီ စနစ်တကျအတည်ပြုထားခြင်းမရှိသော၊ မဲဆန္ဒလက်မှတ် တစ်ခုချင်းအလိုက် စာအိတ်တစ်ခုခြင်းစီဖြင့် သီးခြားချိတ်ပိတ်ထားခြင်းမရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်များဖြစ်နေသည်ကိုတွေ့ရှိရသည်။ ယင်းကဲ့သို့ နည်းဥပဒေနှင့် မညီသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင်များမှ ထည့်သွင်းရေတွက်ခဲ့ကြသည်ကို တွေ့ရှိရသည်။ *[ ကမာရွတ်မြို့နယ် မဲရုံများမှ ဖြစ်ရပ်များ ]*(viii)

---

(vii) အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ ရွေးကောက်ပွဲ နည်းဥပဒေများ အခန်း(၁၂)။ ပုဒ်မ(၆၅)။ (၆၆)

(viii) ကမာရွတ်မြို့နယ် နံနက်(၆)နာရီ၊ မဲရုံများဖွင့်ဖွင့်ခြင်း ကြိုတင်မဲစာရင်းများကိုလိုက်မေးရာ မဲရုံ(၃/၁) တွင် ၁၆ မဲ၊ (၃/၂)တွင် ၃၃ မဲ၊ (၃/၃)တွင် ၂၄ မဲ၊ (၃/၅)တွင် ၂၆ မဲ၊ (၁/၁)တွင် ၂၁ မဲ၊ (၁/၂) တွင် ၅၀ မဲ၊ (၄/၂)တွင် ၅၃ မဲ ဟု သိရပြီး၊ ကျန်ရုံများသို့ သွားရောက်စုံစမ်းသောအခါ မြို့ နယ်ကော်မရှင်မှ ခွင့်မပြုဟုဆို၍ ထပ်မံစုံစမ်း၍မရခဲ့ပါ။

ကြိုတင်ဆန္ဒမဲပေးပြီးသော မဲဆန္ဒရှင်များစာရင်းကို သက်ဆိုင်ရာ မဲရုံမှူးများထံသို့ ရွေးကောက်ပွဲကျင်းပသောနေ့တွင် မဲရုံမဖွင့်မီပေးပို့ရမည်ဖြစ်သည်။ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပါ ပုဒ်မ ၅၂ အရ ပေးပို့လာသည့် မဲစာရင်းကို သက်ဆိုင်ရာ မဲရုံမှူးသည် ပုံစံ (၁၃) ပါ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများ၏ အမည်များကို သက်ဆိုင်ရာမဲစာရင်းတွင် ကြိုတင်ဆန္ဒမဲပေးပြီးကြောင်း မှတ်သားထားရမည်ဟု ပါရှိသည်။ သို့သော် ကြိုတင်ဆန္ဒမဲပေးပြီးသော မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲနေ့တွင်လည်း ထပ်မံ၍မဲရုံများတွင် ဆန္ဒမဲပေးခဲ့ကြကြောင်းကို တွေ့ရှိရသည်။ ထိုမဲဆန္ဒရှင်များ ၏ ဆန္ဒမဲလက်မှတ်များကိုလည်း မဲရုံမှူးနှင့် မဲရုံတာဝန်ကျသူများက ထည့်သွင်းရေတွက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

*"ဆန္ဒမဲပေးကြသည့်အခါ ဝန်ထမ်းအချို့နှင့် တပ်မတော်သားအချို့သည် မဲပေးသည့် နေ့တွင် အမှန်တကယ် ရှိနေကြသော်လည်း ကြိုတင်ဆန္ဒမဲပြုနိုင်ရေး ပုံသဏ္ဍာန် အမျိုးမျိုးနှင့် လာရောက် ကြိုးပမ်းကြသည့် ဖြစ်စဉ်များ ရှိခဲ့ကြပါသည်။ ကော်မရှင် အနေနှင့် လုံးဝခွင့်မပြုခဲ့သည့်အတွက် ထိပ်တိုက်ပြဿနာရပ်များ ဖြစ်စေမည့် အနေအထားသို့ ရောက်ခဲ့သည့် ဖြစ်စဉ်လည်းရှိခဲ့ပါသည်"* (ix)

ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၇၁) အရ ညနေ ၄ နာရီကျော်မှ ရောက်ရှိလာသော ကြိုတင်မဲများကို ခိုင်လုံမဲများဖြစ်သည့်တိုင် ထည့်သွင်းရေတွက်ခြင်းမပြုရဟု ဆိုထားပါသည်။ သို့သော် ညနေ ၄နာရီကျော်မှ ရောက်ရှိလာသော ကြိုတင်မဲများကို မဲရုံအများအပြားတွင် ထည့်သွင်းရေတွက်ခဲ့ကြကြောင်းတွေ့ရှိတိုင်တန်းမှုများရှိခဲ့သည်။

ဒုတိယအချက်အနေဖြင့် အများပြည်သူရှေ့မှောက်တွင် မဲရေတွက်ရမည်ဟူသော ဥပဒေကိုချိုးဖောက်၍ လျှို့ဝှက်မဲရေတွက်ခြင်းများ ပြုလုပ်ခဲ့ကြသည်ကို တိုင်တန်းချက်များ၊ ကန့်ကွက်ချက်များအရတွေ့ရှိရသည်။ ဥပဒေအား ချိုးဖောက်ရာတွင် အနိမ့်ဆုံးအနေဖြင့် ကြိုတင်စီစဉ်ထားရှိပြီးသော လူ ၁၀ ဦး ရှေ့၌သာ မဲရေတွက်သည့် ဖြစ်ရပ်မျိုးမှသည် အဆိုးဝါးဆုံး ကိစ္စတစ်ခုအနေဖြင့် မဲရုံတံခါးပိတ်၍ မဲရုံမှူးတစ်ဦးတည်းသာ သီးသန့်ရေတွက်ခဲ့သည့် ဖြစ်ရပ်မျိုးအထိ ရှိခဲ့သည်ကိုတွေ့ရသည်။ အများအပြားမဟုတ်သော်လည်း အဆိုးရွားဆုံးကိစ္စများအဖြစ် မဲရုံမှူးတစ်ဦးတည်းသာ တံခါးပိတ်၍ မဲရေတွက်ခြင်းများနှင့် မဲရုံတွင်ရေတွက်ခြင်းမပြုဘဲ၊ မြို့နယ်သို့ မဲပုံးများ

(ix) မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတစ်ဦး၏ ပြောကြားချက်

အတိုင်းပေးပို့ရန် ကြိုးစားခြင်းများကိုလည်းတွေ့ရှိရသည်။ *[တောင်ဥက္ကလာပမြို့နယ် ၁၅ ရပ်ကွက် မှ ဖြစ်ရပ်]*(x)

တတိယ အချက်အနေဖြင့် ပယ်မဲ သတ်မှတ်ချက်များနှင့် ပတ်သက်၍ မဲရုံမှူးများ၏ ဆုံးဖြတ်ချက်များသည် ပါတီတစ်ခုနှင့်တစ်ခု တသမတ်တည်း တူညီမှုမရှိသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ရှုံးနိမ့်သွားသော ပါတီများ၏ ပယ်မဲအရေအတွက်သည် အနိုင်ရပါတီ၏ ပယ်မဲများထက်ပိုများနေသည်ဟု တိုင်တန်းချက်များ၊ ပြောကြားချက်များ အရသိရှိရသည်။ [ ရွေးကောက်ပွဲ နည်းဥပဒေ အခန်း ၁၂၊ ပုဒ်မ ၆၆ (ဂ) ]

*"ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်တွင် မြို့ပေါ် ရပ်ကွက်ကြီး(၇)ရပ်ကွက်နှင့် ကျေးရွာပေါင်း ၁၅ဝကျော်အတွက် မဲရုံစုစုပေါင်း (၁၆၈)ရုံဖွင့်လှစ်ခဲ့သည်။ မဲပေးနိုင်သူ ဦးရေ တစ်သိန်းရှစ်သောင်း (၁၈ဝဝဝဝ)ကျော်ရှိပြီး မဲဆန္ဒပြုခဲ့သူဦးရေ တစ်သိန်းခွဲ (၁၅ဝဝဝဝ) ကျော်ရှိသည်။ ကြိုတင်မဲပေးသူ စာရင်းမှာ (၇ဝဝဝဝ) ကျော်ရှိသည်။ ကြိုတင်ဆန္ဒပြုသူများ ကြိုတင်ဆန္ဒမဲ ပေးခဲ့သည့်ရက်မှာ ၅ရက်နေ့ဟု မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်က ဆိုသည်။ ၅ရက် ၆ရက် ၂ရက်တာအတွင်း ကြိုတင်ဆန္ဒမဲ ပေးသူအားလုံးမှာ ကြံ့ခိုင်ရေး ပါတီကိုသာ အမှန်ခြစ်ခဲ့ခြင်းမှာ အံ့သြစရာဖြစ်သည်"*(xi)

နိုင်လုံသော ဆန္ဒပြု မဲလက်မှတ်ဟု အတည်ပြုထားသော မဲလက်မှတ်များတွင်လည်း သက်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ မပါရှိခဲ့သည်ကို မဲရေတွက်ခြင်းအား စောင့်ကြည့် လေ့လာခဲ့သူ မဲရုံကိုယ်စားလှယ်များ၏ ပြောကြားချက်များအရ သိရှိရသည်။ မဲရုံမှူးလက်မှတ်မပါရှိသော ရွေးကောက်ပွဲနေ့ ဆန္ဒပြုမဲလက်မှတ်များကိုသော်လည်းကောင်း၊ ဆန္ဒမဲတစ်ခုချင်းစီအလိုက် မဲရုံမှူးလက်မှတ်ပါရှိနေသော ကြိုတင်မဲများကိုသော်လည်းကောင်း ထည့်သွင်းရေတွက်ခြင်းများပြုခဲ့ကြသည်ကိုတွေ့ရှိ ရသည်။

၂ဝ၁ဝပါတီစုံအထွေထွေရွေးကောက်ပွဲများတွင် ဖြစ်ပွားခဲ့သည့် မဲရေတွက်

---

(x) ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ်၊ ၁၅ ရပ်ကွက်တွင် မဲရုံငါးရုံရှိပြီး အ.မ.က ၂ဝ တွင် မဲရေတွက်ရာ၌ စတင်ရေတွက်ချိန်တွင် မဲရုံအတွင်းတံခါး မပိတ်သော် လည်း (၄း၃ဝ) ခန့်မှ မဲရေတွက်ပြီးသည်အထိ မဲရုံအတွင်းတံခါးပိတ်ပြီး မဲရေတွက်သည် ကို တွေ့ခဲ့ရသည်။ ထို့အတူ မဲရုံ ၃၊ ၄၊ ၅၊ ၆၊ ၇ တို့၌လည်း ဖြစ်ပွားခဲ့သည်။

ပြုလုပ်သူ - မဲရုံမှူးများနှင့် ကော်မရှင်အဖွဲ့ဝင်များ

သက်သေ - သက်ဆိုင်ရာပါတီမှ စေလွှတ်ထားသော မဲရုံကိုယ်စားလှယ်များ

(xi) ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီများ ပြောကြားချက် (၁၅.၁၁.၂ဝ၁ဝ)

ခြင်း၊ မဲမသမာမှု၊ မဲလိမ်မှုဆိုသည့် ဖြစ်ရပ်အားလုံးအနက် တစ်နိုင်ငံလုံးရှိ နေရာအများစုတွင် ပုံစံတကျဖြစ်ပွားခဲ့သည့် အဓိကအကျဆုံးပြဿနာမှာ မည်သည့်နေရာက ရောက်ရှိလာသည်ဟု မသိရသော ဆန္ဒမဲပြားများ အထုပ်လိုက်ရောက်ရှိလာခြင်းနှင့် ယင်းမဲထုပ်များ ထည့်သွင်းရေတွက်အပြီး ရလဒ်များ ပြောင်းပြန်ပြောင်းလဲသွားခြင်း ဖြစ်သည်။ *[ မရမ်းကုန်း၊ ကျောက်တန်း၊ ကမာရွတ် မှ ဖြစ်ရပ်များ ]*(xii)

မဲရေတွက်သည့် ဖြစ်စဉ်များကို ကြည့်ပါက ပြည်ခိုင်ဖြိုးပါတီနှင့် ယှဉ်ပြိုင်ဘက်ပါတီများမှ ကိုယ်စားလှယ်လောင်းများသည် ည ၁၁ နာရီလောက်မှစ၍ မဲမသမာမှုများကို တွေ့ရသည်ဟုဆိုပါသည်။ အချို့နေရာများရှိ ကော်မရှင်အဖွဲ့ခွဲ အသီးသီးတို့သည် နံနက် ၄နာရီခန့်မှစ၍ ကိုယ်စားလှယ်လောင်းများသိပိုင်ခွင့်ရှိသည့် ကိစ္စများနှင့် ဝင်ရောက်ကြည့်ရှုပိုင်ခွင့်ရှိသည့် ကိစ္စရပ်များကို ရပ်ဆိုင်းခဲ့ကြပြီး ပြန်လွှတ်ခဲ့သည်အထိ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ တရားဝင်သိပိုင်ခွင့်ရှိသည့် ကိစ္စရပ်များကို တားမြစ်ခဲ့ပြီး ကြည့်ရှုခွင့် မပေးတော့သည်မှစ၍ နောက်တစ်နေ့ နံနက်ပိုင်းနှင့် အချို့နေရာများတွင် ညပိုင်းရောက်သည့်တိုင် မပြတ်ထုတ်ပြန်နေရမည့် သတင်းအချက်

---

(xii) ဖြစ်ရပ် (၁) မရမ်းကုန်းမြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ ပိုလ်ချုပ်လမ်း မဲရုံအမှတ်(၁၃) ည ၂ နာရီ ၁၀ မိနစ်တွင် မြို့နယ်ကော်မရှင် ရုံးသို့ ဒိုင်နာကား ၁ စီးဖြင့် လူ ၂ ဦးမြွေရေခွံအိတ် ၁ အိတ် လာပို့သည်။ မိမိနှင့်စောင့်ကြည့် သူများက ရုံအတွင်းထိ လိုက်လံမေးမြန်းရာ (၇) ရပ်ကွက်မဲရုံမှဟု သိရသည်၊ မဲရုံ အမှတ်နှင့် မဲရုံမှူးအမည် ဆက်လက် မေးမြန်းရာသိခွင့်မရခဲ့ပါ။ ၄င်းမြို့နယ်တွင်ပင် အမှတ်(၃) ရပ်ကွက်၊ အ.မ.က(၂၉)၊ မဲရုံအမှတ် ၆၊ ၇ သို့ ညနေ ၄ နာရီခွဲကျော်တွင် ရပ်ကွက် ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း ကျွတ်ကျွတ်အိတ် ၁ လုံးနှင့်ရောက်လာပြီး ကြိုတင်မဲတွေဟု ပြောသွားခဲ့သည်၊ ကြိုတင်မဲ အရေအတွက်ကို မြို့နယ်ကော်မရှင်ရုံးသို့ ၄င်းနေ့တွင်မေးမြန်းရာ တာဝန်ရှိသူမှ နှုတ်နှင့် ၃၀၀၀ ကျော်ဟုပြော၊ အခြား ရုံးဝန်ထမ်းတဦးမှ နိုင်ငံခြားမဲ ၅၉၀၀ ခန့်ဟုပြောသည်။ တိကျစွာစုံစမ်းမရခဲ့ပါ။

ဖြစ်ရပ် (၂) ကမာရွတ်မြို့နယ်၏မဲရလဒ်များ မြို့နယ်ကော်မရှင်သို့ အစောဆုံး ၈ နာရီမှ နောက်အကျဆုံး နံနက် ၃ နာရီခန့်တွင် ရောက်လာသည်။ ရပ်ကွက် ၇၊ မဲရုံ ၃ နှင့် ရပ်ကွက် ၉၊ မဲရုံ ၃ များသည် နောက်အကျဆုံးဖြစ်သည်။ မဲထုပ်များနှင့် ပုံစံ ၁၆ များသည် ဘယ်မဲရုံများမှ လာသည်ကို အသေးစိတ်မသိရပါ။

ဖြစ်ရပ် (၃) ရန်ကုန်တိုင်းကျောက်တန်းမြို့နယ် တွင် မဲရုံစုစုပေါင်း ၁၉၂ ရုံရှိပြီး ၇ ရက်နေ့ ည ၁၂ နာရီကျော်ထိ မဲရုံ ၈၈ ရုံမှ မဲများကို ရေတွက်ပြီးသမျှ NDF မှ ပြည်သူ့ လွှတ်တော် နေရာအတွက် မဲပေါင်း ၇၀၀၀ ကျော်ဖြင့်ဦးဆောင်နေခဲ့ရာမှ ၈ ရက်နေ့ နံနက် ၂ နာရီကျော်ခန့်မှ စတင်၍ ၄နာရီခွဲခန့်အထိ ကား၊ ဆိုင်ကယ်၊ ဆိုက္ကားများဖြင့် ရောက်ရှိလာပြီး ထိုအချိန်မှစ၍ သက်ဆိုင်ရာပါတီ ကိုယ်စားလှယ်များနှင့် မဲရုံကိုယ်စား လှယ်များအား ဝင်ခွင့်မပေးတော့ပါ။

အလက်များကို သိသာစွာ အမှောင်ချထား ခံခဲ့ရပါသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ၎င်းတို့၏ ဆန္ဒမဲရလဒ် အဖြေများနှင့် ပက်သက်၍ ရွေးကောက်ပွဲနေ့ နိုဝင်ဘာ ၇ ရက်အပြီး၊ နောက်တစ်နေ့နံနက်ရောက်သည့်တိုင်၊ အချို့နေရာများတွင် နိုဝင်ဘာ ၉ရက်နေ့ ရောက်သည်အထိ ခိုင်လုံသည့် အထောက်အထား တစ်စုံတစ်ခုကိုမျှ သိရှိခွင့်မရခဲ့ဘဲ *"မိမိရှုံးနိမ့်သွားပြီ"* ဆိုသည့် သတင်းကိုသာကြားခဲ့ကြရသည်။ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်များအနေဖြင့် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်သော ရွေးကောက်ပွဲကော်မရှင်ကိုပင် မေးမြန်းစုံစမ်း၍မရတော့ခြင်းမှာ ပြဿနာတစ်ခုဖြစ်ခဲ့ပါသည်။ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများကရရှိလာသည့် ရွေးကောက်ပွဲရလဒ်များသည် ၎င်းတို့လက်ခံနိုင်ဖွယ်ရာမရှိသော ရလဒ်များဖြစ်သည့်အတွက် ရွေးကောက်ပွဲရလဒ်ကို အတည်ပြု ပေးရမည့် အတည်ပြုပုံစံ ( ပုံစံ ၁၉ ) တွင် အတည်ပြုကြောင်း လတ်မှတ်မထိုးသော်လည်း ထိုအဖြေများကို ကော်မရှင်က အတည်ပြုကြေငြာခဲ့သည်ကို တွေ့ရှိရသည်။

*"နိုဝင်ဘာ ၈ရက်နေ့ ညနေ ၈နာရီတွင် တောင်ဥက္ကလာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ဒေါက်တာစောနိုင်သည် မြို့နယ်ကော်မရှင်ရုံးတွင် ပုံစံ၁၉၌ မိမိနိုင်ကြောင်း လက်မှတ်ရေးထိုးလိုက်သည်။ သူ၏ တရားဝင်အနိုင်ရမှုသည် နိုဝင်ဘာ ၁၀ရက်နေ့တွင် မည်သို့ မည်ပုံ ပြောင်းလဲသွားသည် မသိ၊ ပြောင်းလဲသွားခဲ့သည်။ နိုင်ငံပိုင်သတင်းစာက ကြေငြာက ဒေါက်တာစောနိုင်၏ ပြိုင်ဘက်ဖြစ်သော ဦးအောင်ကျော်မိုး (ကြံ့ခိုင်ပါတီ)က မဲ (၁၁၂)အသာဖြင့် အနိုင်ရသွားကြောင်း ကြေငြာခဲ့သည်။ ယင်းအကြောင်းများကြောင့် ဒေါက်တာ စောနိုင်က တအံ့တသြဖြင့် မြို့နယ်ကော်မရှင်ဥက္ကဋ္ဌဖြစ်သော ဗိုလ်မှူးမင်းသန်း(ငြိမ်း)အား သွားရောက်မေးမြန်းရာ ဥက္ကဋ္ဌက 'ကျွန်တော်လည်း မသိဘူးဗျ' ဟုဖြေဆိုခဲ့သည်။"* (xiii)

တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပုံစံတကျဖြစ်ပွားခဲ့သော ကြိုတင်မဲများ တစ်နည်းအားဖြင့် ကိုယ်ပျောက်မဲများနှင့် ပတ်သက်၍သုံးသပ်ရလျှင် ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲနေ့ ညဥ့်နက်ပိုင်းတွင် အထုပ်လိုက်ရောက်ရှိလာသည့် ကိုယ်ပျောက်မဲများ ကိစ္စဖြစ်ပြီး ယင်းကြောင့်ပင် ဆန္ဒမဲရလဒ်များပြောင်းပြန်အဖြေ ပြောင်းခဲ့ရခြင်း ဖြစ်သည်။

---

(xiii) ဒေါက်တာစောနိုင်နှင့် ပြည်တွင်းသတင်းထောက်တစ်ဦးတို့ မေးမြန်းဖြေကြားချက်မှကောက်နုတ်ချက်။ (၁၀-၁၁-၂၀၁၀)

ထိုကဲ့သို့ ရလဒ်များပြောင်းပြန်ဖြစ်ခဲ့ရမှုမှာ မြို့နယ်တိုင်းလိုလိုတွင် ဖြစ်ပွားခဲ့သည်ကိုတွေ့ရသည်။ အထူးသဖြင့် ပြည်ခိုင်ဖြိုးပါတီနှင့် ဝင်ရောက်ယှဉ်ပြိုင်မှုများသည့်နေရာများတွင် ဆန္ဒမဲရလဒ်ရေတွက်မှုကိစ္စမှာ ကြိုတင်ကြံစည် ထားသကဲ့သို့ ဖြစ်ပွားခဲ့သည်။ မဲဆန္ဒနယ်တစ်ခုစီ၌ သာမန်ထက် ရေတွက်ချိန် ပိုမိုကြာမြင့်ခဲ့သော မဲရုံများရှိနေပြီး၊ အဆိုပါ မဲရုံ (တစ်ရုံ သို့ နှစ်ရုံ) မှ မဲရေတွက်ပြီး၍ ဆန္ဒမဲရလဒ်များ ကော်မရှင်သို့ရောက်ရှိလာချိန်တွင် ယခင်ရရှိထားပြီးသော ဆန္ဒမဲရလာဒ်အဖြေများကို (အနိုင်မှ အရှုံး) ပြောင်းပြန် ဖြစ်သွားစေခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့သော အဖြစ်အပျက်များဖြစ်ပွားခဲ့သည့် မဲရုံများတွင် ပြည်ခိုင်ဖြိုးပါတီနှင့်ယှဉ်ပြိုင်ဘက်ပါတီများမှ မဲရုံကိုယ်စားလှယ်များ မထားရှိနိုင်ခဲ့သည့် ဖြစ်ရပ်ကိုတွေ့ရှိရသည်။ *[ ကျောက်တန်း မှ ဖြစ်ရပ် ]*(xiv)

ဖော်ပြပါ ကြိုတင်မဲများဟု ပြောနိုင်သည့် ကိုယ်ပျောက်မဲများကို ကြိုတင်ဆန္ဒမဲစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် မညီသည့်ထုပ်ပိုးမှုများ

(မဲစာရင်း၊ မဲဆန္ဒရှင် အမည်စာရင်း၊ အတည်ပြုပုံစံ(၁၃) တို့နှင့်တွဲလျက်မပာတ်သည့် မဲထုပ်များ)ဖြင့် မဲရုံအချို့တွင် အထုပ်လိုက်တွေ့ရှိရပါသည်။ ထိုကြိုတင်မဲထုပ်များမှာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများဖြစ်သော ကြိုတင်ဆန္ဒမဲလက်မှတ်တစ်ခုခြင်းစီကို သီးခြားအိတ်များနှင့် ထည့်သွင်းထားရန်ဆိုသည့် အချက်နှင့် ကိုက်ညီမှုမရှိသည် ကို လည်းတွေ့ရသည်။

အဆိုးဆုံးဖြစ်ရပ်တစ်ခုမှာ မန္တလေးတိုင်းတွင်ရှိသော မဲဆန္ဒနယ်အချို့တွင်ဆန္ဒမဲလက်မှတ်ပင် ပါရှိခြင်းမရှိဘဲ စာရင်းသက်သက်သာရောက်ရှိလာသည်ကို ထည့်သွင်းတွက်ချက်၍ ရလဒ်ကိုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့သော ပုံစံဖြင့် ပြည်ခိုင်ဖြိုးပါတီ၏ ယှဉ်ပြိုင်ဘက်ပါတီများ ရှုံးနိမ့်သွားပြီဖြစ်ကြောင်းကို ပြောကြားပြီး လက်ခံစေခဲ့သည်။

---

(xiv) ရွေးကောက်ပွဲနေ့အတွက် မဲရုံအားလုံးတွင် မဲရုံကိုယ်စားလှယ်ထားရှိရန် အခက်အခဲ များရှိရာ NDF ပါတီမှာ မဲရုံကိုယ်စားလှယ် ထားရှိနိုင်သည့် မဲရုံများတွင် ယှဉ်ပြိုင်ကြ သည့် ကိုယ်စားလှယ်များ ရရှိသည့်ဆန္ဒမဲများမှာ ကွာခြားချက်မများဘဲ NDF ပါတီ၏ မဲရုံကိုယ်စားလှယ် မထားရှိနိုင်သော အောက်ဖေါ်ပြပါကျေးရွာများရှိ မဲရုံအသီးသီး၏ မဲရရှိမှုအခြေအနေမှာ မဖြစ်နိုင်လောက်အောင် လွန်စွာကွာခြားနေပါသည်။ (၁)ပုတ္တလုတ်ကျေးရွာ၊ (၂) ဘော်ဂလွတ်ကျေးရွာ၊ (၃) ဥယျာဉ် ကျေးရွာ၊ (၄) စင်မကော် ကျေးရွာ၊ (၅) တာပ ကျေးရွာ၊ (၆) ကဒပ္ပန ကျေးရွာ၊ (၇) မရမ်းဘေး ကျေးရွာ၊ (၈) စစ်တန်း ကျေးရွာ

## ရွေးကောက်ပွဲ ရလာဒ် အဖြေများ အတည်ပြုခြင်း

မဲရေတွက်ခြင်း၏ နောက်ဆုံးအဆင့်ဖြစ်သည့် ပုံစံ ၁၆ ဖြည့်သွင်းရာတွင် လိမ်လည်ဖြည့်သွင်းမှုများ၊ မဲပုံးများကို ချိတ်ပိတ်ပေးပို့ရာတွင် ထင်သာမြင်သာမှု မရှိသော သံသယဖြစ်ဖွယ်ရာ ပေးပို့မှုများလည်း ရှိခဲ့ကြောင်းတွေ့ရသည်။ ထင်ရှားသော ကိစ္စများအဖြစ် သာမန်မဲရေတွက်ချိန်ထက် ကျော်လွန်ပြီး အလွန်နောက်ကျမှ ပေးပို့ခြင်း၊ နေရာဒေသကို စစ်ဆေး၍မရသော၊ မဲရလဒ် အတည်ပြုပုံစံမပါသော မဲထုပ်များရောက်ရှိလာခြင်း စသည်တို့ကိုတွေ့ရှိရသည်။ ပုံစံ ၁၆ ကို စာရင်းသွင်းရာ တွင်လည်း လိမ်လည်ရေးသွင်းခြင်း၊ အချို့နေရာများတွင် မဲထုပ်များပေးပို့ခြင်းမရှိဘဲ စာရင်းသက်သက်သာ ပေးပို့ခြင်းနှင့် ပုံစံ ၁၆ ကို ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ကြည့်ရှုခွင့်မပေးဘဲ ပုံစံ ၁၉သို့ ကူးသွင်းခြင်းများလည်း နေရာအနှံ့တွင် တွေ့ရှိရကြောင်းသိရသည်။

ရွေးကောက်ပွဲကျင်းပခြင်း၊ ဆန္ဒမဲရေတွက်ခြင်းနှင့် ဆန္ဒမဲရလဒ် အတည်ပြုကြေငြာခြင်း ဆိုင်ရာဖြစ်စဉ် အားလုံးကို ခြုံငုံသုံးသပ်ကြည့်လျှင် မဲရုံတစ်ရုံချင်းစီအလိုက်သော်လည်းကောင်း၊ ရပ်ကွက် (သို့) ကျေးရွာကော်မရှင် အဖွဲ့ခွဲအဆင့်တွင်လည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဆင့်တွင်လည်းကောင်း မဲမသမာမှုများကို ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်ကြံရွယ် စီစဉ်လုပ်ဆောင်ခဲ့ကြသည်မှာ အထင်အရှားပေါ်လွင်နေသည်ကို တွေ့ရှိရသည်။ ။

## ပါတီအသီးသီး၏အနိုင်ရရှိမှုစာရင်း

| စဉ် | ပါတီအမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် |
|---|---|---|---|---|
| ၁ | USDP | 259 | 129 | 494 |
| ၂ | NUP | 12 | 5 | 47 |
| ၃ | NDF | 8 | 4 | 4 |
| ၄ | SNDP | 18 | 3 | 37 |
| ၅ | AMRD | 3 | 4 | 9 |
| ၆ | KPP | 1 | 1 | 4 |
| ၇ | CNP | 2 | 2 | 5 |
| ၈ | CPP | 2 | 4 | 6 |
| ၉ | P.S DP | 2 | 3 | 4 |
| ၁၀ | Wa Dp | 2 | 1 | 3 |
| ၁၁ | Inn NDP | 1 | | 3 |
| ၁၂ | Ta-aung Pa-laung | 1 | 1 | 4 |
| ၁၃ | PNO | 3 | 1 | 5 |
| ၁၄ | UDPKS | 1 | 1 | 2 |
| ၁၅ | IC | 1 | 1 | 4 |
| ၁၆ | RNDP | 9 | 7 | 19 |
| ၁၇ | KDDP | | 1 | 1 |
| ၁၈ | DP( M ) | | | 3 |
| ၁၉ | 88 GSY | | | 1 |
| ၂၀ | MPP | | | 1 |
| ၂၁ | NDDP | | | 2 |
| ၂၂ | Kayan NP | | | 2 |
| ၂၃ | La Hu NDP | | | 1 |
| | စုစုပေါင်း | 325 | 168 | 661 |

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ပြည်သူ့လွှတ်တော် | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | UDPKS | NUP | IC | USDP | SNDP | P.S DP | KPP | AMRD | RNDP | NDF | Wa Dp | CPP | CNP | Ta/pa | PNO | Inn | စုစုပေါင်း |
| ၁ | ကချင်ပြည်နယ် | ၁ | ၂ | | ၁၄ | ၁ | | | | | | | | | | | | ၁၈ |
| ၂ | ကယားပြည်နယ် | | | | ၇ | | | | | | | | | | | | | ၇ |
| ၃ | ကရင်ပြည်နယ် | | | | ၄ | | ၂ | ၁ | | | | | | | | | | ၇ |
| ၄ | ချင်းပြည်နယ် | | | | ၅ | | | | | | | | ၂ | ၂ | | | | ၉ |
| ၅ | စစ်ကိုင်းတိုင်း | | ၃ | | ၃၄ | | | | | | | | | | | | | ၃၇ |
| ၆ | တနင်္သာရီတိုင်း | | | | ၁၀ | | | | | | | | | | | | | ၁၀ |
| ၇ | ပဲခူးတိုင်း | | ၂ | | ၂၆ | | | | | | | | | | | | | ၂၈ |
| ၈ | မကွေးတိုင်း | | ၁ | | ၂၄ | | | | | | | | | | | | | ၂၅ |
| ၉ | မန္တလေးတိုင်း | | | | ၃၆ | | | | | | | | | | | | | ၃၆ |
| ၁၀ | မွန်ပြည်နယ် | | ၁ | | ၆ | | | | ၃ | | | | | | | | | ၁၀ |
| ၁၁ | ရခိုင်ပြည်နယ် | | | | ၈ | | | | | ၉ | | | | | | | | ၁၇ |
| ၁၂ | ရန်ကုန်တိုင်း | | | | ၃၇ | | | | | | ၈ | | | | | | | ၄၅ |
| ၁၃ | ရှမ်းပြည်နယ် | | ၂ | ၁ | ၂၃ | ၁၇ | | | | | | ၂ | | | ၁ | ၃ | ၁ | ၅၀ |
| ၁၄ | ဧရာဝတီတိုင်း | | ၁ | | ၂၅ | | | | | | | | | | | | | ၂၆ |
| | စုစုပေါင်း | ၁ | ၁၂ | ၁ | ၂၅၉ | ၁၈ | ၂ | ၁ | ၃ | ၉ | ၈ | ၂ | ၂ | ၂ | ၁ | ၃ | ၁ | ၃၂၅ |

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | အမျိုးသားလွှတ်တော် | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | UDPKS | NUP | IC | USDP | SNDP | P.S DP | KPP | KDDP | AMRD | RNDP | NDF | Wa Dp | CPP | CNP | Ta/pa | PNO | စုစုပေါင်း |
| ၁ | ကချင်ပြည်နယ် | ၁ | ၃ | ၁ | ၆ | ၁ | | | | | | | | | | | | ၁၂ |
| ၂ | ကယားပြည်နယ် | | | | ၁၂ | | | | | | | | | | | | | ၁၂ |
| ၃ | ကရင်ပြည်နယ် | | | | ၆ | | ၃ | ၁ | ၁ | ၁ | | | | | | | | ၁၂ |
| ၄ | ချင်းပြည်နယ် | | | | ၆ | | | | | | | | | ၄ | ၂ | | | ၁၂ |
| ၅ | စစ်ကိုင်းတိုင်း | | ၁ | | ၁၁ | | | | | | | | | | | | | ၁၂ |
| ၆ | တနင်္သာရီတိုင်း | | | | ၁၂ | | | | | | | | | | | | | ၁၂ |
| ၇ | ပဲခူးတိုင်း | | | | ၁၂ | | | | | | | | | | | | | ၁၂ |
| ၈ | မကွေးတိုင်း | | | | ၁၂ | | | | | | | | | | | | | ၁၂ |
| ၉ | မန္တလေးတိုင်း | | | | ၁၂ | | | | | | | | | | | | | ၁၂ |
| ၁၀ | မွန်ပြည်နယ် | | ၁ | | ၈ | | | | | ၃ | | | | | | | | ၁၂ |
| ၁၁ | ရခိုင်ပြည်နယ် | | | | ၅ | | | | | | ၇ | | | | | | | ၁၂ |
| ၁၂ | ရန်ကုန်တိုင်း | | | | ၈ | | | | | | | ၄ | | | | | | ၁၂ |
| ၁၃ | ရှမ်းပြည်နယ် | | | | ၇ | ၂ | | | | | | | ၁ | | | ၁ | ၁ | ၁၂ |
| ၁၄ | ဧရာဝတီတိုင်း | | | | ၁၂ | | | | | | | | | | | | | ၁၂ |
| | စုစုပေါင်း | ၁ | ၅ | ၁ | ၁၂၉ | ၃ | ၃ | ၁ | ၁ | ၄ | ၇ | ၄ | ၁ | ၄ | ၂ | ၁ | ၁ | ၁၆၈ |

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | တိုင်းဒေသကြီးလွှတ်တော် | | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | UDPKS | NUP | IC | USDP | SNDP | P.S DP | Kayan | La Hu | KPP | MPP | 88 | KDDP | NDDP | AMRD | RNDP | DP(M) | NDF | Wa Dp | CPP | CNP | Ta/pa | PNO | Inn | စုစုပေါင်း |
| ၁ | ကချင်ပြည်နယ် | ၂ | ၁၁ | ၁ | ၁၉ | ၅ | | | | | | | | | | | | | | | | | | | ၃၈ |
| ၂ | ကယားပြည်နယ် | | | | ၁၅ | | | | | | | | | | | | | | | | | | | | ၁၅ |
| ၃ | ကရင်ပြည်နယ် | | | ၁ | ၇ | | ၄ | | | ၂ | | | ၁ | | ၂ | | | | | | | | | | ၁၇ |
| ၄ | ချင်းပြည်နယ် | | ၁ | | ၇ | | | | | | | | | | | | | | | ၅ | ၅ | | | | ၁၈ |
| ၅ | စစ်ကိုင်းတိုင်း | | ၈ | | ၆၈ | | | | | | | | | | | | | | | ၁ | | | | | ၇၇ |
| ၆ | တနင်္သာရီတိုင်း | | ၁ | | ၂၀ | | | | | | | | | | | | | | | | | | | | ၂၁ |
| ၇ | ပဲခူးတိုင်း | | ၅ | | ၅၁ | | | | | ၁ | | | | | | | | | | | | | | | ၅၇ |
| ၈ | မကွေးတိုင်း | | ၄ | | ၄၇ | | | | | | | | | | | | | | | | | | | | ၅၁ |
| ၉ | မန္တလေးတိုင်း | | | | ၅၅ | ၁ | | | | | | | | | | | ၁ | | | | | | | | ၅၇ |
| ၁၀ | မွန်ပြည်နယ် | | ၂ | | ၁၄ | | | | | | | | | | ၇ | | | | | | | | | | ၂၃ |
| ၁၁ | ရခိုင်ပြည်နယ် | | ၁ | | ၁၄ | | | | | | | | | ၂ | | ၁၈ | | | | | | | | | ၃၅ |
| ၁၂ | ရန်ကုန်တိုင်း | | ၇ | | ၇၅ | | | | | ၁ | ၁ | ၁ | | | | ၁ | ၂ | ၄ | | | | | | | ၉၂ |
| ၁၃ | ရှမ်းပြည်နယ် | | ၁ | ၂ | ၅၄ | ၃၁ | | ၂ | ၁ | | | | | | | | | | ၃ | | | ၄ | ၅ | ၃ | ၁၀၆ |
| ၁၄ | ဧရာဝတီတိုင်း | | ၆ | | ၄၈ | | | | | | | | | | | | | | | | | | | | ၅၄ |
| | စုစုပေါင်း | ၂ | ၄၇ | ၄ | ၄၉၄ | ၃၇ | ၄ | ၂ | ၁ | ၄ | ၁ | ၁ | ၁ | ၂ | ၉ | ၁၉ | ၃ | ၄ | ၃ | ၆ | ၅ | ၄ | ၅ | ၃ | ၆၆၁ |

| စဉ် | အတိုကောက် | ပါတီအမည် |
|---|---|---|
| ၁ | USDP | ပြည်ခိုင်ဖြိုး |
| ၂ | NUP | တစည |
| ၃ | NDF | အမျိုးသားဒီမိုကရေစီအင်အားစု |
| ၄ | SNDP | ရှမ်းတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ၅ | AMRD | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ |
| ၆ | KPP | ကရင်ပြည်သူ့ပါတီ |
| ၇ | CNP | ချင်းအမျိုးသားပါတီ |
| ၈ | CPP | ချင်းတိုးတက်ရေးပါတီ |
| ၉ | P.S DP | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ |
| ၁၀ | Wa Dp | ဝဒီမိုကရက်တစ်ပါတီ |
| ၁၁ | Inn NDP | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ၁၂ | Ta-aung Pa-laung | တအောင်းပလောင်အမျိုးသားပါတီ |
| ၁၃ | PNO | ပအိုဝ်းအမျိုးသားပါတီ |
| ၁၄ | UDPKS | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ(စဒက) |
| ၁၅ | IC | တစ်သီးပုဂ္ဂလ |
| ၁၆ | RNDP | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ |
| ၁၇ | KDDP | ကရင်ပြည်နယ် ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ၁၈ | DP( M ) | ဒီမိုကရက်တစ်ပါတီ မြန်မာ |
| ၁၉ | 88 GSY | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ |
| ၂၀ | MPP | ခေတ်သစ်ပြည်သူ့ပါတီ |
| ၂၁ | NDDP | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ |
| ၂၂ | Kayan NP | ကယန်းအမျိုးသားပါတီ |
| ၂၃ | La Hu NDP | လားဟူအမျိုးသားပါတီ |

၁.၁၀

# မြန်မာနိုင်ငံ ၂၀၁၀ ရွေးကောက်ပွဲများနှင့် မီဒီယာများ၏ အခန်းကဏ္ဍ


၂၀၁၀ ရွေးကောက်ပွဲနှင့် မီဒီယာများ၏ အခန်းကဏ္ဍကို လေ့လာကြည့်ရှု ရလျှင် ပြည်တွင်း မီဒီယာများမှာ စာပေစိစစ်ရေး ကဲ့သို့သော ဆင်ဆာဘုတ်အဖွဲ့ကို ဖြတ်သန်းပြီး အကန့်အသတ်များ အကြားမှ ထုတ်ဝေရသောကြောင့် သတင်းအချက် အလက်များ ပြည့်စုံမှုတွင် အားနည်းနိုင်သည်မှာ သေချာပါသည်။ သို့သော် ပြည်ပမှ ထုတ်လွှင့်သော မြန်မာပိုင်းဆိုင်ရာ မီဒီယာများတွင် စာပေစိစစ်ရေး အကန့်အသတ်များ မရှိသော်လည်း ၎င်းတို့ ထုတ်ပြန်ခဲ့သော သတင်းအချက်အလက်များမှာ မှန်ကန်သော သတင်းအချက်အလက်များကို ဖော်ပြခြင်းထက် ဘက်လိုက်မှုများအပေါ် အခြေခံသော သတင်းအချက်အလက်များကိုသာ ဦးစားပေးဖော်ပြကြသည်ကို တွေ့ရှိရသည်။


ရွေးကောက်ပွဲမတိုင်မီ သတင်းအချက်အလက်များကို နည်းလမ်း အမျိုးမျိုးနှင့် ဖြန့်ဝေပေးခဲ့သော ပြည်ပမီဒီယာများ၏ ဘက်လိုက်မှု အနေအထားကို ပါတီ(၁၃)ခု နှင့် လူငယ်အုပ်စုများ သို့ မေးမြန်းခဲ့ရာ အောက်ပါအတိုင်း ဖြေကြားအမှတ်ပေးခဲ့ကြသည်။ အမှတ်ပေးနည်းစနစ်မှာ ရမှတ်များလေလေ မျှတမှုအနေအထားများလေလေ ဖြစ် သည်။ မေးမြန်းခဲ့သော *ပါတီ(၁၃)ခု(i)* ၏ဖြေဆိုချက်များကို လေ့လာကြည့်လျှင် ယေဘုယျအားဖြင့် ပါတီအများစုသည် ပြည်ပရုပ်သံနှင့် ရေဒီယိုအစီအစဉ်များကိုသာ သိရှိကြပြီး အင်တာနက် မီဒီယာများကိုမူ မသိရှိကြချေ။


---

(i)ဖြေကြားပေးခဲ့သောပါတီ(၁၃)ခု

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားပါတီ၊ ချင်းတိုးတက်ရေးပါတီ၊ ပြည်ထောင်စုဒီမိုကရေစီပါတီ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊ ညီညွတ်သောဒီမိုကရက်တစ်ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ


ရေဒီယိုအစီအစဉ်များ၏မျှတမှုအဆင့်ရမှတ်များ
၃၉
၂၇
၁၄
BBC
VOA
RFA


ရုပ်သံအစီအစဉ်များ၏မျှတမှုအဆင့်ရမှတ်များ
DVB
19
Mizzima
33
VOA
61


ဝက်ဘ်ဆိုက်များ၏ မျှတမှုအဆင့်ရမှတ်များ
58
37
37
31
26
17
13
DVB
BBC
Mizzima
Moe Ma Kha
VOA
RFA
Irrawaddy

ပြည်တွင်း၌ ထုတ်ဝေလျှက်ရှိသော မီဒီယာများကို လေ့လာကြည့်ရှုပါက နိုင်ငံပိုင်အခန်းကဏ္ဍအနေနှင့် လက်ရှိအာဏာရ အစိုးရ၏ သဘောထားများကို ထင်ဟပ်သော နိုင်ငံပိုင်သတင်းစာများ၊ နိုင်ငံပိုင် ရေဒီယိုအစီအစဉ်များ၊ ရုပ်မြင်သံကြား အစီအစဉ်များကို တွေ့ရှိရသည်။ ပုဂ္ဂလိကပိုင် အခန်းကဏ္ဍအနေနှင့် ပုဂ္ဂလိကပိုင် ထုတ်ဝေခွင့် ပြုထားသော အပတ်စဉ်ထုတ် ဂျာနယ်များကို အဓိကတွေ့ရပြီး ပုဂ္ဂလိကပိုင် ထုတ်လွှင့်ခွင့် ပြုထားသော FM ရေဒီယိုများကိုလည်း တွေ့ရှိရသည်။ အခြားလစဉ်ထုတ် မဂ္ဂဇင်းများရှိသော်လည်း ရွေးကောက်ပွဲနှင့် သက်ဆိုင်သော နိုင်ငံရေး သတင်းများကို ပုဂ္ဂလိက ဂျာနယ်များတွင်သာ အများဆုံးတွေ့ရှိရသည်။

ပြည်တွင်းထုတ်ပုဂ္ဂလိကဂျာနယ်အားလုံးသည် စာပေစိစစ်ရေးမှ ခွင့်ပြုထားသည့် ဘောင်အတွင်းမှ အခွင့်အရေးများကို အပြည့်အဝအသုံးချပြီး တနည်းအားဖြင့် အကန့်အသတ်နှင့်ရရှိထားသည့် မီဒီယာရေးသားခွင့်ကို အကောင်းဆုံးအသုံးချ၍ ပြည်သူလူထုအကျိုးပြုသတင်းအချက်အလက်များကို ဖော်ပြပေးနိုင်ခဲ့သည်ကို တွေ့ရှိရသည်။ လက်ရှိ အာဏာရအစိုးရနှင့် နီးစပ်သည့်အတွက် လက်ဝေခံသမားများဟု စွပ်စွဲပြောဆိုခံရသည့် မီဒီယာအချို့ပင်သော်မှ ပြည်သူအကျိုးပြုသတင်းများနှင့် နိုင်ငံရေး အတွေးအမြင် ဆောင်းပါးများကို ထည့်သွင်းဖော်ပြခဲ့ကြသည်အထိ ရရှိထားသည့် အခွင့်အရေးကို အကောင်းဆုံး အသုံးပြုနိုင်ခဲ့ကြသည်ကို တွေ့ရသည်။


ရွေးကောက်ပွဲနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား အလွယ်တကူရရှိနိုင်သော တစ်နည်းအားဖြင့် ပြည်သူလူထုလက်လှမ်းမှီနိုင်သည့် မီဒီယာဖြစ်သော နိုင်ငံပိုင်သတင်းစာများတွင်မူ ရွေးကောက်ပွဲကော်မရှင်မှ အခါအားလျော်စွာ ထုတ်ပြန်သော ရွေးကောက်ပွဲ ကြေငြာချက်များနှင့် အစိုးရမူဝါဒများကို ထင်ဟပ်စေသော ဆောင်းပါးအချို့မှအပ မဲဆန္ဒရှင်ပြည်သူလူထုအတွက် ဆန္ဒမဲပေးခြင်းဆိုင်ရာ ပညာပေးအစီအစဉ်များကို ရွေးကောက်ပွဲကာလ တစ်လျှောက်လုံးတွင် ထည့်သွင်း ပညာပေးခြင်းမရှိခဲ့ပေ။ ရွေးကောက်ပွဲနေ့ နီးကပ်ချိန် ရက်သတ္တပတ် ၂ပတ် အလိုမှသာ မဲဆန္ဒပေးနည်း အဆင့်ဆင့်ဆိုင်ရာ မိတ်ဆက်အချက်အလက်များကို အချိန်တို ရုတ်တရက် ထည့်သွင်းခဲ့ကြသည်ကို တွေ့ရသည်။

ပုဂ္ဂလိကပိုင် ရေဒီယို FM များအနက် ချယ်ရီ FM သည် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသတင်း အချက်အလက်များကို မြန်မာဘာသာ နှင့်သာမက တိုင်းရင်းသား ဘာသာများသို့ပါ ပြန်ဆို၍ ထုတ်လွှင့်ပေးနိုင်ခဲ့သည့် တစ်ခုတည်းသော ပုဂ္ဂလိက

ရေဒီယိုအစီအစဉ် ဖြစ်သည်ကို ထူးခြားချက် အနေဖြင့် တွေ့ရှိရသည်။

ရွေးကောက်ပွဲမတိုင်မီ ကောက်ခံရရှိသော ပြည်သူလူထု၏အမြင် လေ့လာချက် စစ်တမ်းများမှ အချက်အလက်များအရ ပြည်သူလူထုသည် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို ပြည်တွင်းရှိ ပုဂ္ဂလိကဂျာနယ်များမှ အများဆုံးရရှိသည်ဟု သိရသည်။

အကန့်အသတ်များစွာ ရှိသည့် အထက်ပါ မီဒီယာများနှင့် ပုံသဏ္ဍာန်မတူသော အင်တာနက်မီဒီယာများမှလည်း သတင်းအချက်အလက်များကို ရရှိကြောင်း တွေ့ရသည်။ မြန်မာလူငယ်များအကြားတွင် ခေတ်စားလာသည့် Social Media များအနက် အထူးသဖြင့် Facebook ပေါ်တွင် ရွေးကောက်ပွဲနှင့် ပတ်သက်သော အပြန်အလှန် ဆွေးနွေးမှုများ၊ ငြင်းခုံမှုများ နှင့် သက်ဝင်လှုပ်ရှား ခဲ့ကြောင်း တွေ့ရသည်။ Internet Media ဖြစ်သည့်အလျောက် ပြည်တွင်းရှိ မြန်မာလူငယ်များနှင့် ပြည်ပရောက်မြန်မာများအကြားတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးငြင်းခုံမှုများ ရှိခဲ့သည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ရွေးကောက်ပွဲ သပိတ်မှောက်ရေးနှင့် မဲထွက်ပေးရေး ကိစ္စရပ်တွင် အပြင်းအထန် ငြင်းခုံဆွေးနွေးခဲ့ကြသည်ကို တွေ့ရသည်။



လူပ်ရှားမှုအများဆုံးရှိခဲ့သော အင်တာနက်မီဒီယာ (Social Media) များ

| အဆင့် | Social Media | ရမှတ် |
|---|---|---|
| ၁ | မြန်မာ့ရွေးကောက်ပွဲသတင်းအချက်အလက် | ၉၃ |
| ၂ | Let work | ၇၈ |
| ၃ | မြန်မာလူငယ်ကွန်ယက် | ၇၄ |
| ၄ | အမျိုးသားဒီမိုကရေစီအင်အားစု | ၇၁ |
| ၅ | ငြိမ်းချမ်းရေးလမ်း | ၆၉ |
| ၆ | ရွာဆော်ကြီး | ၆၅ |
| ၇ | မြန်မာ့အရေး | ၅၆ |
| ၈ | Political Views | ၅၂ |
| ၉ | ဗမာပြည်ဖွားညီနောင်များ | ၄၃ |
| ၁၀ | ရဲရင့်ငယ် | ၃၅ |
| ၁၁ | ဗမာ့သွေး | ၂၆ |
| ၁၂ | San Maung | ၂၁ |
| ၁၃ | Mg Dpa | ၁၆ |
| ၁၄ | Franky Mg Mg | ၁၁ |
| ၁၅ | Irrawaddy News | ၈ |

ပြည်ပမှထုတ်လွှင့်သော မြန်မာပိုင်းရေဒီယိုအစီအစဉ်များ၏ အခန်းကဏ္ဍမှာ မြန်မာ့နိုင်ငံရေးဖြစ်စဉ်အတွက် အရေးပါသော်လည်း ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပါတီများနှင့် ကိုယ်စားလှယ်လောင်းများကို မြန်မာပိုင်းအစီအစဉ်များနှင့် ပက်သက်၍ မေးမြန်းရာတွင် ဘက်လိုက်မှုများရှိသည်ဟု ဖြေကြားခဲ့သည်ကို တွေ့ရှိရသည်။ ပြည်ပမှထုတ်လွှင့်သော ရုပ်သံလိုင်းများအနက် DVB ကို ကြည့်ရှုသူ အများဆုံးဖြစ်ကြောင်း စစ်တမ်းရလဒ်များအရ တွေ့ရှိရသည်။ ကောက်ခံရရှိသော Public Opinion poll ရလဒ်များအရလည်း DVB တွင် ဘက်လိုက်မှုအနေအထားရှိကြောင်း တွေ့ရှိရသည်။

Internet Website များပေါ်ရှိ နိုင်ငံရေးနှင့် ပတ်သက်သော သတင်းအချက်အလက် ဆောင်းပါးများကို ပြည်တွင်းမှ ဝင်ရောက်ဖတ်ရှုရန် အခက်အခဲရှိသည့် အလျှောက်ထိရောက်မှုအားနည်းကြောင်း တုန့်ပြန်ပြောဆိုကြသည်။ လူငယ်များအချင်းချင်းအကြား အပြန်အလှန် ဝေဖန်ဆွေးနွေးနိုင်သော Facebook ကဲ့သို့ Social Media များ၏ သက်ရောက်မှုကြောင့် Blog များအား စိတ်ဝင်စားမှုနည်းလာသည်ကိုလည်း တွေ့ရှိရသည်။

ရွေးကောက်ပွဲနှင့် မီဒီယာ၏အခန်းကဏ္ဍကို သုံးသပ်ကြည့်ရလျှင် နည်းလမ်းမျိုးစုံသုံး၍ ထုတ်လွှင့်လျက်ရှိသော သတင်းအချက်အလက်များကို ပြည်သူများအနေနှင့် ထိထိရောက်ရောက် အသုံးချနိုင်ခြင်း မရှိသည်ကို တွေ့ရှိရသည်။ ပြည်တွင်းရှိ အလွယ်တကူရရှိနိုင်သော ပုဂ္ဂလိကဂျာနယ်များမှာလည်း အကန့်အသတ်များအကြားမှ ထုတ်လွှင့်ရခြင်းဖြစ်၍ သတင်းအချက်အလက်များ စုံစုံလင်လင် ဖော်ပြနိုင်ခဲ့ခြင်းမရှိသည်ကို တွေ့ရပါသည်။

ရွေးကောက်ပွဲအပြီး ကာလတွင်လည်း ဒေါ်အောင်ဆန်းစုကြည် ပါဝင်သော သတင်းများအား ပြည်တွင်းမီဒီယာများက ဖော်ပြရာတွင် စာပေစိစစ်ရေးမှ "မူ" အရ ထုတ်ဝေခွင့်ပြုပြီး ဖြစ်သည့်တိုင် စာပေစိစစ်ရေးအထက်မှ လူပုဂ္ဂိုလ် တစ်ယောက်၏ ဆုံးဖြတ်ချက်ဖြင့် ဂျာနယ်များ ထုတ်ဝေခွင့်ရပ်နားခံခဲ့ကြရသည်။ ယင်းဖြစ်ရပ်ကို ကြည့်လျှင် မြန်မာနိုင်ငံ၏ သတင်းနှင့်မီဒီယာအခန်းကဏ္ဍ တိုးတက်မှုမှာ အားနည်းမှုများ ရှိနေသေးသည်ကို တွေ့ရှိရသည်။

နိုင်ငံရေးပါတီများ ထုတ်ဝေခဲ့ကြသည့် လက်ကမ်းစာစောင်များ၊ စာစဉ်များမှ ပါတီအသီးသီး၏ နိုင်ငံရေး အယူအဆများ၊ ပါတီ၏ရပ်တည်ချက်များနှင့် မူဝါဒများ အပြင် အခြားသော ပါတီဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ချိပေးနိုင်ခဲ့သော်လည်း နိုင်ငံရေးပါတီအများစုမှာ ငွေကြေးနှင့် လူအင်အား အခက်အခဲများကြောင့် ထိရောက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိသည်ကို တွေ့ရသည်။

နိုင်ငံရေးပါတီများနှင့် အချို့သော လူမှုအခြေပြုအဖွဲ့အစည်းများမှ မဲပေးခြင်းဆိုင်ရာ၊ ရွေးကောက်ပွဲနေ့ ဆိုင်ရာ ပညာပေးစီဒီများကို ဖြန့်ချိခဲ့ကြောင်း သိရှိခဲ့ရသည်။ ပညာပေး စီဒီများသည် ပြည်သူများ အကြားတွင် ပျံ့နှံ့မှုအကန့်အသတ်ရှိသော်လည်း ယင်းအခွေများကို ရရှိသည့် နေရာတိုင်း၌ ထိရောက်မှုရှိသည်ဟု ပြောကြားကြသည်။ အထူးသဖြင့် ဆက်သွယ်ရေး မဖွံ့ဖြိုးသေးသော ကျေးလက်ဒေသများတွင် လူအများစု

နှင့်ထိတွေ့နိုင်မှုအများဆုံးဖြစ်သည့် ဗွီဒီယိုရုံများတွင် ပြသခြင်း၊ အခွေငှားဆိုင်များမှတဆင့် ရယူကြည့်ရှုနိုင်ခြင်းများသည် ထိရောက်သော လူထုဆက်သွယ်ရေးနည်းလမ်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

အဆုံးသတ် အနေဖြင့် မြန်မာနိုင်ငံ၏၂၀၁၀ ရွေးကောက်ပွဲတွင် မီဒီယာများ၏ အခန်းကဏ္ဍအနေဖြင့် အကန့်အသတ်များစွာ ရှိခဲ့သည့်အတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ မှန်ကန်ထိရောက်သော သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် မဲဆန္ဒရှင်များအား ဆန္ဒမဲပေးခြင်းဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများတွင် အားနည်းခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ။

# ရွေးကောက်ပွဲကြိုပြည်သူ့သဘောထားဆန္ဒစစ်တမ်း

ယခု Opinion Poll ကို လက်ရှိဖြစ်ပေါ်နေသော ၂၀၁၀ ရွေးကောက်ပွဲအကြိုနိုင်ငံရေး အခြေအနေများကို မဲဆန္ဒရှင်များရှုမြင်ပုံကို သိရှိနိုင်ရန် ပုံစံချမေးခွန်းများဖြင့် မေးမြန်းပြုလုပ်ခဲ့ပါသည်။

ဖြေဆိုခဲ့သောသူ စုစုပေါင်း ၁၀၅၀ ဦးရှိပြီး မေးခွန်းအများစုကို ဖြေဆိုခဲ့ပါသည်။


ယခု Survey ကို ၂၀၁၀၊ နိုဝင်ဘာလ ၁ ရက်မှ ၅ ရက်အတွင်း ပြုလုပ်ခဲ့ပါသည်။


Survey margin of error estimated at ± 3 % ဖြစ်ပါသည်။


ယခု Opinion Poll မှ လက်ရှိမြန်မာ့လူ့အဖွဲ့အစည်း၏ လူထုသဘောထားခံယူချက်များကို စနစ်တကျ စစ်တမ်းကောက်ယူနိုင်ကြောင်း တွေ့ရှိရပါသည်။


Note : Total percentages presented may or may not add up to 100% due to rounding up of figures.


## Respondents Profile




100
80
60
40
20
0
18-24
25-39
40-49
50-59
60 & Above
Age



100
80
60
40
20
0
YGN
Other City
Rural
States


Occupation
100
80
60
40
20
0
Employee
Farmer
Student
Retired
Housekeeping
Dependents
Self Employed
Religious
Searching Job
Labour
Other


Race
100
80
60
40
20
0
Myanmar
Ethnic
Mix Myanmar Ethnic
Mix Ethnic
Myanmar Foreign
Mix Myanmar Foreign
Other


မြန်မာ့နိုင်ငံအရေး အပြောင်းအလဲ ဖြစ်စေရန် မည်သည့်အချက်က အထောက်အကူ ပြုနိုင်မည်ဟု ထင်ပါသနည်း။

မြန်မာ့နိုင်ငံအရေး အပြောင်းအလဲ ဖြစ်စေရန် ၈၆.၈ % က မဲပေးခြင်း၊ ၉.၈ % က မဲမပေးခြင်း၊ ၃.၄ %က သပိတ်မှောက်ခြင်းဖြင့် အထောက်အကူ ပြုနိုင်မည်ဟုထင်ကြပါသည်။




လက်ရှိနိုင်ငံရေး အခြေအနေအရ မြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်ပေါ်စေရန် အောက်ဖော်ပြပါ အချက်များထဲမှ သင်မည်သည့်အချက်ကို အနှစ်ခြိုက်ဆုံး ဖြစ်သနည်း။

မြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်ပေါ်စေရန် ရွေးကောက်ပွဲအား ၈၇.၄ % က မဲပေးခြင်း၊ ၁၀.၉ % က သပိတ်မှောက်ခြင်းနှင့် ၁.၇ % ကသာ လမ်းပေါ်ထွက်၍ ဆန္ဒပြခြင်းဖြင့် ပြောင်းလဲနိုင်မည်ဟု ယူဆကြပါသည်။




ရွေးကောက်ပွဲတွင် နိုင်ငံသားတစ်ဦးအနေဖြင့် မဲရုံသို့သွားရောက် မဲပေးသင့်သည်ဟု ထင်ပါသလား။

၈၅.၄ % ကမဲပေးသင့်သည်ဟု ထင်ကြပြီး ၁၄.၅ % ကမဲမပေးသင့်ဟု ထင်ကြပါသည်။
၀.၁ % ကသာ မသိပါဟု ဖြေဆိုခဲ့ပါသည်။




ရွေးကောက်ပွဲ အကြိုကာလအတွင်း မဲဆန္ဒရှင်များအကြား ဤရွေးကောက်ပွဲကို သပိတ်မှောက်သင့်သည်၊ မဲပေးသင့်သည်ဆိုသော သဘောထားကွဲလွဲမှုများ၊ တင်းမာမှုများ ရှိပါသလား။

၄၇.၅ % ကသဘောထားကွဲလွဲမှုများ၊ တင်းမာမှုများ ရှိပါသည်ဟု ဖြေဆိုခဲ့ပြီး ၅၂.၄ % ကမရှိပါဟု ဖြေဆိုခဲ့ပါသည်။ ၀.၁ % ကသာ မသိပါဟု ဖြေဆိုခဲ့ပါသည်။




ရွေးကောက်ပွဲအား သပိတ်မှောက်ရန် လှုံ့ဆော်မှုများ ရှိပါသလား။

၂၅.၈ % ကရှိပါသည်ဟု ဖြေကြားပြီး ၇၄ % က မရှိပါဟု ဖြေဆိုခဲ့ပါသည်။




မည်သည့် မီဒီယာအမျိုးအစားမှ သင့်အတွက် အကျိုးရှိသော ရွေးကောက်ပွဲသတင်းအချက်အလက်များ ရရှိပါသနည်း။




ဆန္ဒမဲပေးပုံနည်းစနစ်နှင့် ဆန္ဒမဲပေးပုံအဆင့်ဆင့်ကို သိရှိနားလည်ထားပါသလား။

၃၅.၂ % ကသိရှိပြီး ၆၄.၈ % က သိရှိနားလည်ခြင်း မရှိပါဟု ဖြေဆိုခဲ့ပါသည်။




မိမိသဘောကျသော လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးကို စိတ်ကြိုက်ရွေးချယ်မဲပေးနိုင်မည်ဟု ထင်ပါသလား။

၆၄.၇ % ကထင်ပါသည်ဟုဖြေဆိုပြီး ၁၇.၅ % ကမထင်ပါဟုဆိုပြီး ၁၇.၈ % ကမသိပါဟု ဖြေဆိုကြပါသည်။



သင့်အနေဖြင့် ၂၀၁၀ နိုင်ငံဘာ ၇ ရက်နေ့တွင် မဲရုံသို့သွားရောက် မဲပေးပါမည်လား။

၆၄.၃ %က မဲပေးမည်ဟု ဖြေဆိုပြီး ၁၁.၈ % က မဲမပေးပါဟုဆိုပြီး ၂၃.၉ % က မဆုံးဖြတ်ရသေးပါဟု ဖြေကြားခဲ့ပါသည်။



၁.၁၁
# နိဂုံး

နိဂုံးချုပ်အနေဖြင့်ဆိုလျှင် ၂၀၁၀ မြန်မာနိုင်ငံ ရွေးကောက်ပွဲများတွင် ဖြစ်ပွားခဲ့သော ရွေးကောက်ပွဲမသမာမှုများသည် မြန်မာ့ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရှိမည့် သိက္ခာကျအရှက်ရစေခဲ့သည့် သမိုင်းအမဲစက်အနေဖြင့် ဖြစ်ပွားခဲ့ကြောင်းတွေ့ရှိနိုင်ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးကို ခြုံငုံသုံးသပ်ကြည့်လျှင် ပုဂ္ဂိုလ်တစ်ယောက်ချင်း၏ နစ်နာမှုနှင့် ပါတီတစ်ခုချင်း၏ ဆုံးရှုံးမှုတို့ကို ဥပဒေနှင့်အညီ တရားမျှတအောင် အဖြေထုတ်မည် ဆိုပါက ဖြစ်စဉ်တလျှောက်လုံးရှိ အဆင့်တိုင်းတွင် အရေးယူရမည့် အမှုပေါင်း ထောင်ချီသွားမည်ဖြစ်ပြီး လက်တွေ့အားဖြင့် လုပ်ဆောင်ရန် အလွန်ခဲယဉ်းသည်ကို ဤသုတေသနလုပ်ငန်းအရ တွေ့ရှိ နိုင်ပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ၂၀၁၀ ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် အများအပြား၌ ဖြစ်ပွားခဲ့သော ဥပဒေ ချိုးဖောက်မှုများ၊ တရားမဲ့ ပြုကျင့်မှုများ၊ မဲသမာမှု အကြောင်းရင်းများကို လေ့လာကြည့်ရှုလျှင် အဓိက အချက်သုံးချက် တွေ့ရှိရမည် ဖြစ်ပါသည်။ ပထမအချက်အဖြစ် ပြည်ခိုင်ဖြိုးပါတီနှင့် ဝင်ရောက်ယှဉ်ပြိုင်သော ပါတီများမှာ အလွန်တိုတောင်းသော အချိန်ကာလအတွင်း ရွေးကောက်ပွဲဝင်ခဲ့ရခြင်းဖြစ်သည့်အတွက် ပါတီအသီးသီးတွင် အားနည်းချက်များရှိနေခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ပြည်ခိုင်ဖြိုးပါတီသည် တရားမဲ့အနိုင်ယူရန် ဆုံးဖြတ်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး တတိယအချက်မှာ ရွေးကောက်ပွဲကို ဦးဆောင်ကျင်းပပေးခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ စီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေးစွမ်းရည်နိမ့်ကျမှုနှင့်အတူ ဒေသအာဏာပိုင်များနှင့် ပူးပေါင်း၍ ဘက်လိုက်မှုများကြောင့် ဖြစ်သည်ကိုတွေ့ရှိရပါသည်။

အထက်ပါ ၂၀၁၀ ရွေးကောက်ပွဲ ဥပဒေချိုးဖောက်မှုများ၊ တရားမဲ့ပြုကျင့်မှုများကို လေ့လာကြည့်ပါက ဖြစ်စဉ်တလျှောက်လုံးတွင် ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်သော ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများကို အဆင့်တိုင်းနီးပါး ချိုးဖောက်မှုများရှိခဲ့သည်မှာ ငြင်း၍မရနိုင်သော အချက်အဖြစ် တွေ့ရှိနိုင်ပါသည်။

ယနေ့အချိန်တွင် မြန်မာ့လူ့အဖွဲ့အစည်းအတွက် အဓိကအကျဆုံးကို စဉ်းစားကြည့်ရပါမူ ၂၀၁၀ ရွေးကောက်ပွဲအတွက် အမှန်တရားကို ဖော်ထုတ်၍ တရားမျှတ

အောင်ပြုလုပ်ခြင်းသည် အရေးကြီးသော်လည်း လက်ရှိအခြေအနေမှသည် နောင်လာမည့် ရွေးကောက်ပွဲများနှင့် နိုင်ငံရေးမျိုးဆက်သစ်များအားလုံးအတွက် သမိုင်းသင်ခန်းစာရရှိနိုင်မည့် အရေးယူဆောင်ရွက်မှုများကိုသာ ဓမ္မဓိဋ္ဌာန်ကျကျဦးစားပေးဆောင်ရွက်သင့်ကြောင်းကို ရှင်းလင်းစွာ တွေ့ရှိနိုင်မည် ဖြစ်ပါသည်။ ။

၁.၁၂
# စိန်ခေါ်မှုများ

၂၀၁၀ ရွေးကောက်ပွဲအပြီးတွင် မြန်မာ့နိုင်ငံရေးနှင့် ပတ်သက်သော စိန်ခေါ်မှု များအနေဖြင့် အပိုင်း (၃) ပိုင်း ရှိသည်ကို တွေ့ရှိရသည်။ ၎င်းတို့မှာ -

(၁) နိုင်ငံရေးပါတီများနှင့် ပတ်သက်သော စိန်ခေါ်မှုများ

(၂) လူထုအခြေပြုအဖွဲ့အစည်းများ(Civil Society) နှင့် ပတ်သက်သော စိန်ခေါ်မှုများ

(၃) ရွေးကောက်ပွဲ စနစ်နှင့် လုပ်ငန်းစဉ်များဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း ( Electoral Process Reform) နှင့် ပတ်သက်သော စိန်ခေါ်မှုများတို့ဖြစ်သည်။

## နိုင်ငံရေးပါတီများနှင့် ပတ်သက်သော စိန်ခေါ်မှုများ

ပြည်ခိုင်ဖြိုးပါတီအပါအဝင် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သောပါတီများ သည် ပါတီတည်ဆောက်ရေးကို စနစ်တကျ မလုပ်ဆောင်ရသေးသည်ကို တွေ့ရသည်။ ပါတီတည်ဆောက်ရေးကို စနစ်တကျလုပ်ဆောင်မှသာလျှင် လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် မိမိပါတီမှ ယုံကြည်သော နိုင်ငံရေးအယူအဆကို အခြေခံပြီး နိုင်ငံရေးပလက်ဖောင်းတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ မိမိပါတီ၏ နိုင်ငံရေး အယူအဆကို အခြေခံပြီးမှသာ ပြည်သူလူထုကို နိုင်ငံရေးဦးဆောင်မှုပေးနိုင်မည် ဖြစ်သည့်အတွက် ပါတီတည်ဆောက်ရေးသည် မိမိတို့ပါတီတွင်း၌သာမက မြန်မာ့လူ့ အဖွဲ့အစည်း တစ်ခုလုံးအတွက်ပါ အရေးကြီးသည်ဟု ဆိုရမည်ဖြစ်ပါသည်။ ထို့ကြောင့် ယခုမှတ်ပုံတင်ထားသည့် ပါတီအားလုံးသည် ပါတီတည်ဆောက်ရေးအတွက် စနစ် တကျကြိုးစားရမည့် အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

ကြုံတွေ့လာမည့် နိုင်ငံရေးပွင့်လင်းမှုကို အခြေခံ၍ ပါတီတည်ဆောက်ရေးကို လက်တွေ့ကျကျ ပြုလုပ်နိုင်မှသာ နိုင်ငံရေးစည်းရုံးမှုကို ထိထိရောက်ရောက် စနစ်တကျ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့မှသာ ၂၀၁၅ ခုနစ်တွင် ကျင်းပမည့် ဒုတိယအကြိမ် ရွေးကောက်ပွဲတွင် စစ်မှန်သော မဲဆွယ်စည်းရုံးရေး (Campaign) လုပ်နိုင်မည်ဖြစ် သည်။ နိုင်ငံရေးပါတီတိုင်းတွင် ထိုကဲ့သို့သော စွမ်းဆောင်ရည် (capacity) ရှိရေးမှာ ပါတီတည်ဆောက်ရေး၏ အဓိကအကျဆုံးသော စိန်ခေါ်မှုအစိတ်အပိုင်းတစ်ခု အနေ ဖြင့် ရှိနေကြောင်းတွေ့ရသည်။

ပါတီတည်ဆောက်ရေးနှင့် အတူတွဲလျက်ပါရှိသော ဒုတိယအချက်မှာ မြန်မာ့နိုင်ငံရေးအခင်းအကျင်းသစ်တွင် နိုင်ငံရေးလှုပ်ရှားမှုများ တွင်ကျယ်စွာလုပ်ဆောင်နိုင်ရန်အတွက် ရန်ပုံငွေစုဆောင်းမှုကို မည်ကဲ့သို့ လုပ်ဆောင်မည်ဆိုသည့် အချက်ဖြစ်သည်။

တတိယအနေဖြင့် မိမိတို့ပါတီများကို မည်ကဲ့သို့သောပုံစံမျိုးဖြင့် တည်ဆောက်မည်နည်းဆိုသည့် ကိစ္စမှာ ပါတီများအနေဖြင့် အထူးစဉ်းစားရမည့် အချက်လည်းဖြစ်သည်။ လူထုအခြေပြုပါတီ၊ အချက်အလက်အခြေပြုပါတီ၊ နှစ်မျိုးရောပါတီ စသည်ဖြင့် ပါတီတည်ဆောက်မည့် ပုံစံများ ကွဲပြားနိုင်သည်ဖြစ်ရာ မည်သည့် ပုံစံမျိုးဖြင့် မိမိတို့ပါတီကို တည်ဆောက်မည်ဆိုသည်မှာ အဓိကကျသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပါတီတည်ဆောက်သည့် ပုံစံကိုအခြေခံပြီးမှသာ မိမိတို့ပါတီဝင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ကို ပြုလုပ်နိုင်မှာဖြစ်ပြီး ပါတီ၏ နိုင်ငံရေးအယူအဆများကို မဟာဗျူဟာကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော ပါတီများရော ရွေးကောက်ပွဲတွင် အနိုင်မရခဲ့သော ပါတီများပါ လတ်တလောအခြေအနေတွင် အရေးတကြီးလုပ်ဆောင်ရမည့် ကိစ္စမှာ မိမိအင်အားကို စနစ်တကျ စုဖွဲ့၍ ဖြစ်ပေါ်လာသော ပေးထားချက်များဖြစ်သည့် လွှတ်တော်နိုင်ငံရေးလမ်းကြောင်းပေါ်မှ ပြည်သူလူထု၏ အကျိုးစီးပွား တစုံတရာကို မဖြစ်မနေဆောင်ကျဉ်းကြရမည့် စိန်ခေါ်မှုကြီး ဖြစ်ပေသည်။

## လူထုအခြေပြုအဖွဲ့အစည်းများ (Civil Society) နှင့် ပတ်သက်သော စိန်ခေါ်မှုများ

၂၀၁၀ ရွေးကောက်ပွဲအပြီး မြန်မာ့နိုင်ငံရေးသည် အခင်းအကျင်းသစ်ဟု ယူဆ၍ရသော အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ ဤအခင်းအကျင်းအသစ်အပေါ်တွင် အခြေခံ၍ မျက်မှောက်ကမ္ဘာကြီး၌ ဖြစ်ပေါ်နေသော အခြေအနေများနှင့် ချိန်ညှိစဉ်းစားမည်ဆိုပါက လူထုအခြေပြု အဖွဲ့အစည်းများ၏ နိုင်ငံရေးဖြစ်စဉ်အပေါ် သက်ရောက်မှု အခန်းကဏ္ဍမှာ အရေးကြီးပါသည်။ ယခုပေါ်ပေါက်လာမည့် နိုင်ငံရေးပွင့်လင်းမှုကို အမိအရဆုပ်ကိုင်၍ လူထုအခြေပြု အဖွဲ့အစည်းများက ပြည်သူလူထုတရပ်လုံးကို နိုင်ငံရေးတွင် မည်သည့်ပုံစံ၊ မည်သည့် အတိုင်းအတာ နှင့် ပါဝင်ပတ်

သက်လာအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုသည်မှာ အဓိကကျသော စိန်ခေါ်မှုဖြစ်သည်။

ထပ်မံ၍ အသေးစိတ်ကြည့်မည်ဆိုပါက ပြည်သူလူထုအနေဖြင့် နိုင်ငံရေးကို မည်မျှအထိပါဝင် ပတ်သက်မည်၊ ပါဝင်ပတ်သက်နိုင်မည် ဆိုသည့်ကိစ္စရပ်အားလုံးမှာ ပြည်သူလူထုတရပ်လုံး၏ နိုင်ငံရေးအပေါ် စိတ်ဝင်စားသည့် ရေချိန်၊ နိုင်ငံရေးနှင့် ပတ်သက်သော အသိပညာ၊ ဗဟုသုတတို့ အပေါ်တွင် အဓိကမူတည်နေသည်ကိုတွေ့ရပါသည်။ ကြည့်မည်ဆိုပါလျှင် ပြည်သူတရပ်လုံးကို နိုင်ငံရေးအသိပညာ တိုးပွားရန်၊ နိုင်ငံရေးရာ ဗဟုသုတနှင့် ပညာရပ်အားလုံးကို မည်သည့် အတိုင်းအတာ၊ မည်သည့် အဆင့်အထိ အကျွမ်းတဝင်ရှိအောင် လုပ်ကြမည်ဆိုသည့် လုပ်ငန်းမှစ၍ ပညာပေးလုပ်ငန်းများအဆင့်အထိ လူထုအခြေပြုအဖွဲ့အစည်းများက မည်သို့လုပ်ဆောင်မည် ဆိုသည်မှာ အဓိကအကျသော စိန်ခေါ်မှုဖြစ်သည်။

အခြားအရေးကြီးသောအချက်တစ်ခုမှာ ရွေးကောက်ပွဲကာလတွင် ပြည်သူလူထုသည် မိမိတို့၏ အခန်းကဏ္ဍ၊ မိမိတို့၏ မဲတစ်ပြားတန်ဖိုးကို အလဟဿ ဆုံးရှုံးမှုမဖြစ်စေရန် တာဝန်သိသိနှင့် မည်ကဲ့သို့မဲပေးရမည်၊ ရွေးကောက်ပွဲဖြစ်စဉ်တွင် မည်ကဲ့သို့ပါဝင်ရမည်မှစ၍ မဲပေးခြင်းကို ကျော်လွန်ပြီး ရွေးကောက်ပွဲဖြစ်စဉ် တစ်ခုလုံးကိုစောင့်ကြည့်ခြင်း၊ ရွေးကောက်ပွဲဖြစ်စဉ်တွင် ပါဝင်ပတ်သက်ပြီး မိမိနှစ်သက်သော ပါတီ၊ မိမိနှစ်သက်သော ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များအဖြစ် ကူညီခြင်းနှင့် ၎င်းတို့၏ ရွေးကောက်ပွဲအောင်နိုင်ရေး စည်းရုံးရေးများတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီခြင်းမှသည် နောက်ဆုံးအဆင့်အဖြစ် ရံပုံငွေ ပါဝင်ကူညီခြင်း အထိ တို့ကို ပြည်သူများ၏ နိုင်ငံသားတာဝန်အဖြစ် သိရှိဆောင်ရွက်လာစေရန် မည်ကဲ့သို့ စည်းရုံးမည်၊ မည်ကဲ့သို့ ပညာပေးမည် ဆိုသည်များမှာလည်း လူထုအခြေပြုအဖွဲ့အစည်းများ၏ အဓိက စိန်ခေါ်မှုများ ဖြစ်လာသည်ကို တွေ့ရှိရပါသည်။

## ရွေးကောက်ပွဲ စနစ်နှင့် လုပ်ငန်းစဉ်များဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း ( Electoral Process Reform) နှင့် ပတ်သက်သော စိန်ခေါ်မှုများ

၂၀၁၀ ရွေးကောက်ပွဲ ဖြစ်စဉ်တစ်ရပ်လုံးအား ခြုံငုံသုံးသပ်ပြီး ရရှိလာသော သင်ခန်းစာများအရ ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်ဆင့်နှင့် ဦးဆောင် ကျင်းပပေးခဲ့သော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ

အဆင့်ဆင့်တို့ကို ပြန်လည်ပြုပြင် တည်ဆောက်ရန် လိုအပ်သည်ဆိုသောအချက်ကို စိန်ခေါ်မှုတစ်ရပ်အနေဖြင့် တွေ့ရှိရသည်။

ပထမဆုံးအချက်အနေဖြင့် တွေ့ရှိရသည်မှာ အနာဂါတ်ကာလ ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲဖြစ်စဉ် တလျှောက်၌ နေရာအသီးသီးမှ တာဝန်ယူမည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အသီးသီး၏ စွမ်းရည်မြင့်မားလာရေးအတွက် မည်ကဲ့သို့ လုပ်ဆောင်မည် ဆိုသော အချက်ဖြစ်သည်။

ဒုတိယအချက်မှာ ရွေးကောက်ပွဲကော်မရှင်၏ အဓိကတာဝန်ဖြစ်သော ပြည်သူလူထုကို ရွေးကောက်ပွဲဖြစ်စဉ်တွင် ပါဝင်ပတ်သက်စေရေး၊ စနစ်တကျ မဲပေးနိုင်ရေးစသည်တို့ကို မည်ကဲ့သို့ ပညာပေးကြမည်၊ စည်းရုံးဆောင်ရွက်ကြမည်ကို ကော်မရှင်မှ ထိရောက်သောလုပ်ငန်းစဉ် အဖြစ် မည်သို့ဆောင်ရွက်မည် ဆိုသည့် ကိစ္စရပ်ဖြစ်သည်။

ရွေးကောက်ပွဲ၏ အနှစ်သာရဟု ပြောရမည်ဖြစ်သည့် "တရားမျှတသော ရွေးကောက်ပွဲများ" ကျင်းပရန်စနစ်များကို ပြုပြင်ပြောင်းလဲရမည်ဖြစ်သည်။ စနစ်များကို ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရာတွင်လည်း ရွေးကောက်ပွဲ ဂုဏ်သရေ၏ အသက်ဖြစ်သော ထင်သာမြင်သာရှိမှုရှိလာစေရန် ယခုကျင်းပပြီးစီးခဲ့သော ၂၀၁၀ရွေးကောက်ပွဲသင်ခန်းစာများ အပေါ်မူတည်ပြီး လက်ရှိစနစ်ကို ယခုထက် ပိုမိုကောင်းမွန်သော စနစ်တစ်ခုအဖြစ် တည်ဆောက်ရန်မှာလည်း စိန်ခေါ်မှုတစ်ရပ်အနေဖြင့် တွေ့ရှိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အပါအဝင် ရွေးကောက်ပွဲ လုပ်ငန်းစဉ် အဆင့်ဆင့်ကို နေရာကဏ္ဍ အမျိုးမျိုးမှ ပါဝင်ဖော်ဆောင် ပေးကြမည့် သူများသည် "အနာဂတ် မြန်မာ့နိုင်ငံရေး ဖြစ်စဉ်တွင် ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းပါဝင်လာစေရန် မည်သို့သော ထိရောက်သည့် နည်းလမ်းများ အသုံးပြု၍ မည်သို့မည်ပုံ စည်းရုံးကြမည်" ဆိုသည်မှာ အဓိကစိန်ခေါ်မှုအနေဖြင့် တည်ရှိနေသည်ကို တွေ့ရသည်။

တတိယအနေဖြင့် ရွေးကောက်ပွဲများ၏ အနှစ်သာရတစ်ရပ်ဖြစ်သည့် "လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်ပေါ်လာစေရေး" အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲ၏ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်၌ မည်သို့တာဝန်ယူလုပ်ဆောင်သွားမည်၊ စနစ်ကျသော၊ စွမ်းဆောင်

ရည်ပြည်ဝသော ကော်မရှင်ဝန်ထမ်းများရရှိရေးအတွက် မည်ကဲ့သို့သော ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်သွားမည်ဆိုသည့် ကိစ္စရပ်ဖြစ်သည်။ ဦးတည်ချက်မှာ ရွေးကောက်ပွဲ၏ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပွင့်လင်းမြင်သာသော လုပ်ဆောင်ချက်များ ရှိနေစေရန် ဖြစ်ပြီး ယင်းမှတဆင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်ပေါ်လာရန် ဖြစ်သည်။

အထက်ဖော်ပြပါ စိန်ခေါ်မှုများ နှင့်ရင်ဆိုင်နေရသည့် ကဏ္ဍကြီးသုံးခု နှင့် ပတ်သက်၍ မြန်မာ့လူ့အဖွဲ့အစည်းအနေနှင့် သော်လည်းကောင်း၊ နောင်ပေါ်ပေါက်လာမည့် ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်အနေနှင့်သော်လည်းကောင်း (၅)နှစ်တာကာလအတွင်း မည်မျှအထိ လုပ်ဆောင်နိုင်၊ အဖြေထုတ်နိုင်မည်ဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲတွင် ယခုထက်ပိုသော ပွင့်လင်းမြင်သာသော တရားမျှတသော ရွေးကောက်ပွဲအဖြစ်သာမက အနာဂတ်မြန်မာနိုင်ငံ၏ ဒီမိုကရေစီတည်ဆောက်ရေးလမ်းကြောင်းတွင် လိုအပ်သောအခြေခံအုတ်မြစ်များတည်ဆောက်ရေးဖြစ်သည့်အတွက် ဤစိန်ခေါ်မှုများကို အလေးအနက်ထားစဉ်းစားပြီး နိုင်ငံသားအားလုံးပါဝင်ပတ်သက်သည့် ပြုပြင်ပြောင်းလဲရေးများပြုလုပ်ရန်လိုအပ်သည်မှာ မလွဲကေန်ပင် ဖြစ်ပါသည်။ ။